မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၅ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၁၅ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၁၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို မိုးစပါးရှင်သန်ဖြစ်ထွန်းမှုကြည့်ရှု မြို့နယ်လျာထားချက်ဧက ပြည့်မီရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြား

နေပြည်တော် ဩဂုတ် ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်းနှင့်အတူ ဩဂုတ် ၁၂ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ဝေါမြို့နယ် ဇကရာဇ် ကျေးရွာအုပ်စု တောင်သူတစ်ဦး၏ မိုးစပါးစိုက်ကွင်းသို့ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက မိုးစပါး စိုက်ပျိုးပြီးစီးမှုအခြေအနေနှင့် ကျန်စိုက်ဧကများပြီးစီးရေး ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက မြို့နယ်၏ လျာထားချက်ဧက ပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး မိုးစပါးစိုက်ခင်း၌ တောင်သူများ ဓာတ်မြေဩဇာကြဲပက်နေမှုနှင့် ပေါင်းလိုက်တမန်းနှိုး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဝေါမြို့ အလိုပြည့်သောက်ရေကန်၌ ရေသိုလှောင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီးကျေးရွာ တောင်သူတစ်ဦး၏ မိုးစပါးစိုက်ခင်းသို့ ရောက်ရှိရာ စာမျက်နှာ ၉ ကော်လံ ၇ ❍

မဲဇလီကြိုးတံတား

မုန်းချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသော ပုသိမ်-မုံရွာလမ်း မိုင်တိုင်အမှတ်(၁၃၆/၆)ရှိ မဲဇလီကြိုးတံတားကို တွေ့ရစဉ်။

ပုသိမ်-မုံရွာလမ်းကို ဆက်စပ်ပေးသည့် မဲဇလီတံတားနှင့် လယ်မြေဧက ၉၆၇၇၇ကို စိုက်ပျိုးရေပေးဝေနေသည့် မဲဇလီရေလှောင်ဆည်

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်) ➢ စာမျက်နှာဖွဲ့စည်းမှု -ယဉ်ယဉ်အေး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၄

လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှသာ ဒေသခံတိုင်းရင်းသားတို့အတွက် လူမှုစီးပွားဘဝမြင့်မားလာမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်အစိုးရက ဆက်သွယ်ရေးကောင်းမွန်လာအောင် နိုင်ငံတစ်ဝန်း လမ်းကွန်ရက်ကြီးများ ဆက်စပ်ဖောက်လုပ်ပေး လျက်ရှိသည်။ မြန်မာနိုင်ငံအနှံ့အပြား တောင်ပေါ်မြေပြန့် မြေလပ်မကျန် လမ်းများဖောက်၊ တံတားများ ဆောက်ပေးခဲ့သည်။

မဲဇလီကြိုးတံတား

ဒေသတစ်ခု ဖွံ့ဖြိုးလာမှုသည် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ခြင်းက အဓိကဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု အခက်အခဲကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျမကျန်ရစ်စေရန် ပုသိမ်-မုံရွာကားလမ်းကို ဆက်စပ်မိအောင် ချောင်းကူးတံတား၊ မြစ်ကူးတံတားများ တည်ဆောက်ပေးရာတွင် မဲဇလီကြိုးတံတားသည်လည်း တစ်စင်းအပါအဝင်ဖြစ်သည်။

ဖွင့်လှစ်

မဲဇလီကြိုးတံတားသည် ပုသိမ်- မုံရွာကားလမ်း(မြောက်ပိုင်း) မိုင်တိုင်အမှတ် (၁၃၆/၆)တွင်ရှိသည်။ မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင်တည်ရှိပြီး မုန်းချောင်းကို ဖြတ်ကျော်တည်ဆောက်ထားခြင်းဖြစ်၏။ ပင်မတံတားအရှည် ပေ၄၀၀ရှိပြီး သံမဏိသံပေါင် ဘေလီကြိုးတံတားဖြစ်သည်။ စာမျက်နှာ ၁၀ ကော်လံ ၁ ●

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၁၅ ရက်)

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ပညာသင်ယူနိုင်မှု အခွင့်အလမ်း ပွင့်လန်းဝေဆာ

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၁၉၈၉ခုနှစ်မှစတင်၍ အကောင်အထည်ဖော်လျက်ရှိသည်။ နယ်စပ်ဒေသများ၏ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခြေခံအဆောက်အအုံများကို ဖြည့်ဆည်းပေးလျက်ရှိသည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များမှ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်ကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထို့ပြင် ခေတ်အဆက်ဆက် ပညာသင်ယူမှု အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရသည့် နယ်စပ်ဒေသနေ ကလေးငယ်များ စရိတ်ငြိမ်း ပညာသင်ယူနိုင်ရေးအတွက် နယ်စပ်ဒေသတစ်လျှောက်၌ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းများဖွင့်လှစ်ပြီး ပညာသင်ကြားပေးလျက်ရှိသည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားတိုင်းရင်းသူ လူငယ်များအတွက် စာပေပညာသင်ကြားမှုအပြင် သက်မွေးဝမ်းကျောင်းပညာ ဆည်းပူး၍ ဘဝရပ်တည်နိုင်ရန်အတွက် တိုင်းရင်းသူ အမျိုးသမီးငယ်များကို အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိပြီး စရိတ်ငြိမ်း သင်ကြားပေးလျက်ရှိသည်။

အခြေခံပညာ မပြီးမြောက်သည့် တိုင်းရင်းသားလူငယ်များအတွက် လက်သမား၊ ပန်းရန်၊ မော်တော်ယာဉ်စက်ပြင်၊ လျှပ်စစ်ဂဟေဆက် စသည့် သက်မွေးပညာရပ်များ သင်ကြားပေးရန် လောက်ကိုင်၊ ပန်ဆန်းနှင့် မိုင်းလားမြို့များ၌ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

နိုင်ငံတော်၏အကျိုးကို ခေတ်မီစက်မှုနည်းပညာဖြင့် သယ်ပိုးနိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် အစိုးရစက်မှုလက်မှုသိပ္ပံ(ပူတာအို)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို)ကို ၂၀၀၉ ခုနှစ် မေလ ၆ရက်နေ့က ကချင်ပြည်နယ် ပူတာအိုမြို့၌ ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံတော်အစိုးရသည် နယ်မြေဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ရာ၌ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ၏ ပညာသင်ယူမှု အခွင့်အလမ်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ၁၉၈၉ခုနှစ်မှစ၍ ယနေ့အထိ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် ငွေကျပ် သန်းပေါင်း ၃၁၄၅၃၀ကျော် သုံးစွဲခဲ့ရာ ယခုအခါ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ၏ ပညာသင်ကြားမှု အခွင့်အလမ်းမှာ ပိုမိုပွင့်လန်းဝေဆာလာလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အရာထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဆင်းပွဲ

ဝန်ကြီး ဦးလှထွန်း အမှာစကားပြောကြား

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးလှထွန်း ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန အရာထမ်းများ လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၀) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အရာထမ်းများ လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၀) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးလှထွန်းက တက်ရောက်အမှာစကားပြောကြားရာတွင် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများကို ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော် ရေးဆွဲကြရန်၊ လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်ကြသည့်အခါ စိတ်ထားမှန်ကန်ကောင်းမွန်မှု၊ ရိုးဖြောင့်မှန်ကန် တာဝန်သိမှုတို့ကို အခြေခံ၍ သင်တန်းမှရရှိလာသည့် အသိပညာ ဗဟုသုတများ ပေါင်းစပ်ကာ ဌာန၏ရည်မှန်းချက်တာဝန်များ ပြည့်ဝမှန်ကန်စွာ ရောက်ရှိစေရေး အလေးထား ကြိုးပမ်းကြရန် အကျယ်တဝင့် မှာကြားသည်။

ပေးအပ်

ဆက်လက်၍ ဝန်ကြီးသည် သင်တန်းတွင် ပထမဆုရ ဦးစီးအရာရှိ ဦးဇော်ဟိန်းထွန်း၊ ဒုတိယဆုရ ဦးစီးအရာရှိ ဒေါ်နှင်းဝေအောင်နှင့် တတိယဆုရ ဦးစီးအရာရှိ ဒေါ်သွယ်သွယ်ထွန်းတို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား ဦးစီးအရာရှိ ဦးစံလင်းအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၅-၈-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ မဂ္ဂင်ယာဉ်ကြီး အမြန်စီး ခရီးထွက်တော့မည်
၇း၂၅ ၄။ ဓမ္မပူဇာတေး
၇း၃၀ ၅။ မျိုးချစ်တပ်မတော်
၇း၃၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၃၀ ၄။ ကာတွန်းအစီအစဉ် **အမြှာစုံထောက်** (အပိုင်း-၃၀)
၁၂း၀၀ ၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အလွမ်းခြွေတဲ့နွေ**
၁၂း၃၀ ၆။ ကျန်းမာသုတ
၁၄း၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၆၁)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၄း၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၀။ ဘဝကြေးမုံ **လင်ရယ် မယားရယ်** မင်းဦး၊ မိုးထက်ပိုင်၊ ရတနာခင်၊ ခိုင်ပွင့် [ဒါရိုက်တာ- ဆဲဗင်း(အိုင်စီ)]
၆း၅၀ ၁၁။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၃၉)
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ နိုင်ငံတကာသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေး တေးကဗျာ
၁၇။ ကျန်းမာသုတ
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာကြားက သိုင်းသမား** (အပိုင်း-၆)
၂၁။ **လင်းရောင်စဉ်အတွက် ပုံရိပ်များ** (အပိုင်း-၁၉)

မိုးစပါးထွန်တုံးပိတ်ပွဲ လပွတ္တာခရိုင်၌ ကျင်းပ

လပွတ္တာ ဩဂုတ် ၁၄

လပွတ္တာခရိုင်၏ ၂၀၁၀-၂၀၁၁ခုနှစ် ရေတော် မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲ အခမ်းအနားကို ဩဂုတ် ၁ရက် နံနက် ၁၀နာရီက လပွတ္တာမြို့ နှစ်မိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးရေးပညာပေးစခန်းရှေ့ တောင်သူဦးမောင်ဌေး၏လယ်မြေ၌ ကျင်းပရာ လပွတ္တာမြို့နယ်အတွင်းရှိ ရပ်ကွက်ဥက္ကဋ္ဌများ၊ ဒေသခံတောင်သူများ စုစုပေါင်း အင်အား ၇၂၈ဦး တက်ရောက်ကြသည်။

(အောက်ပုံ)

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် လပွတ္တာခရိုင်ဥက္ကဋ္ဌ ဦးအေးမောင်ကြည်က အမှာစကား ပြောကြားပြီး ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးစိုးမြင့်က စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းရပ်များကို ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးပြီး

မိုးစပါးဧက အစောဆုံးပြည့်မီအောင် စိုက်ပျိုးနိုင်သော ထင်းပုံကွင်းကျေးရွာအုပ်စုနှင့် ကြိမ်ကွင်းကျေးရွာအုပ်စု၊ ကွက်မြီးအများဆုံး စုဆောင်းပေးနိုင်သော ဘိုင်းဒေါင့်ချောင်းကျေးရွာအုပ်စုနှင့် ပြိုင်ပွဲဝင် ကောက်စိုက်သမများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့သည်။ လပွတ္တာခရိုင်အနေဖြင့် ရေတော် မိုးတော်မိုးစပါးဧက ၅၀၀၄၀၀ စိုက်ပျိုးနိုင်ခဲ့၍ ယနေ့အထိ စိုက်ပျိုးပြီး မိုးစပါးမှာ ၅၅၄၈၄၅ဧက ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သန့်ရှင်းရေးဆောင်ရွက်

မင်းကင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ပေါင်းသင်ခြင်း ဆောင်ရွက်မှုကို ဩဂုတ် ၆ရက်က အမှုဆောင်အရာရှိ ဦးကျော်ထင်မောင်မောင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၆၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက တေးသံသာများ၊ တိုင်းရင်းသားရိုးရာအကများနှင့် တစ်ခန်းရပ်ပြဇာတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

မီဒီယာ၏စွမ်းဆောင်နိုင်အား နယ်ပယ်ကဏ္ဍအသီးသီးတွင် ဩဇာလွှမ်းမိုး ပြန်ကြားရေးဝန်ကြီးဌာန၏ မီဒီယာကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်

အမျိုးသား အကျိုးစီးပွားဘက်တော်သား မီဒီယာသမားကောင်းများပီပီ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရမည့်တာဝန်များ ရှင်းလင်းမှာကြား

နေပြည်တော် ဩဂုတ် ၁၄

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၆၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်း တက်ရောက် အမှာစကား ပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

နှစ်ပတ်လည်နေ့ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ကျွမ်းကျင်သူ ပညာရှင်များ၊ တေးဂီတ စိစစ်ရေးအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ အမှုဆောင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးကျော်ဆန်းက မီဒီယာ၏စွမ်းဆောင်နိုင်အား ကြီးမားကျယ်ပြန့်ပုံနှင့် နိုင်ငံများနှင့် ၎င်းနိုင်ငံများရှိ ပြည်သူများအပေါ် နယ်ပယ်ကဏ္ဍအသီးသီးတွင် ဩဇာလွှမ်းမိုးသက်ရောက်နိုင်မှု အခြေအနေများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လက်ရှိအခြေအနေများ၊ မိမိတို့ ဝန်ကြီးဌာန၏ မီဒီယာကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့မှုများနှင့် အားသာမှု၊ လွှမ်းခြုံနိုင်မှုများအပေါ် ဝန်ထမ်းများအားလုံးအနေဖြင့် အမျိုးသား အကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသည့် မီဒီယာသမားကောင်း များပီပီ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရမည့် တာဝန်များကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီးဦးကျော်ဆန်းက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိကြသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းသုံးဦး၊ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိကြသော ဝန်ထမ်းသုံးဦးနှင့် အသံလွှင့် အစီအစဉ်များနှင့် MITV ရုပ်မြင်သံကြား အစီအစဉ်တို့အတွက် ဂုဏ်ပြုဆုများကို ပေးအပ် ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး က လုပ်ငန်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့ကြသော ဌာနခွဲအလိုက် ဝန်ထမ်းများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ခွင့်ရက်အနည်းဆုံးယူသည့် ဌာနခွဲအလိုက် ဝန်ထမ်းများနှင့် အထွေထွေ ထူးချွန်ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

တီထွင်ထုတ်လုပ်ဆု

ထို့နောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့် က ပြည်ပအားကစားပြိုင်ပွဲနှင့် ပြည်ပသင်တန်းတို့တွင် ထူးချွန်ဆုရရှိကြသူများ၊ အသံလွှင့် အစီအစဉ်များ ထုတ်လွှင့်ရာတွင် ထူးချွန်ဆုရရှိသူများနှင့် MITV ရုပ်မြင်သံကြား အစီအစဉ် တီထွင်ထုတ်လုပ်ဆု ရရှိကြသူများအား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးဇော်မင်းဦး က ဌာနခွဲအလိုက် ဝန်ထမ်းများအတွက် ဝတ်စုံစရိတ်များနှင့် ဝန်ထမ်းများ၏ သားသမီးများအတွက် ပညာသင်စရိတ်များကို တာဝန်ရှိသူများအား ပေးအပ်သည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက တေးသံသာများ၊ တိုင်းရင်းသားရိုးရာအကများနှင့် တစ်ခန်းရပ်ပြဇာတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၆၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြင်ဦးလွင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်လှစ်

ပြင်ဦးလွင် ဩဂုတ် ၁၄

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များလုပ်ငန်းလမ်းညွှန်သင်တန်းကို ဇူလိုင် ၁၀ရက် နံနက် ၉နာရီက ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ကျင်းပရာ ပြင်ဦးလွင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အဖွဲ့ခွဲဝင်များ၊ ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၁)မှ (၁၂)အထိ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ စုစုပေါင်း ၁၂၆ဦး တက်ရောက်ကြသည်။

သင်တန်းတွင် ပြင်ဦးလွင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမိုးကျော်အောင်တို့က မဲရုံမှူး၊ ဒုတိယ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးပို့ချသည်။

ဆွေးနွေးပို့ချ

ထို့အတူ မွန်းလွဲ ၁နာရီက နောင်လိုင်ကျေးရွာအုပ်စု နောင်လိုင်ကျေးရွာ၌ နောင်လိုင်၊ ကုန်းသာကြီး၊ ဟိုလိပ်၊ သင်္ဂတုံ၊ မျှင်တောင်၊ နားလင်း၊ အင်းယား၊ ဝက်ဝံနှင့် ထုံးဘို ကျေးရွာအုပ်စုများမှ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များကို ဆက်လက်ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၈-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ကုသိုလ်ရွှေအိုးလူမခိုး** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	ရန်ကုန်မြင်ကွင်းကျယ် ကမ္ဘာ့အဆင့်(၃၆)တွင်ရှိသော The University of Melbourne နှင့် Trinity College အကြောင်း Information Seminor
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၈)
၈:၄၀	Hip Hop Acoustics Live Show (Part-4)
၉:၂၀	လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား
၉:၄၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၁၀:၄၀	My night, My dream and Tri C
၁၀:၅၀	နေသားတကျ အရေပြားအလှ နူးညံ့စိုပြည်ဝင်းမွတ်တဲ့မျက်နှာ
၁၁:၀၅	ဗီဒီယိုပြခန်း
၁၁:၂၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ (ကျောက်ငါးသုတေသန သားဖောက်လုပ်ငန်း)
၁၁:၄၀	ဖန်ခါးမြေမှရတနာ
၁၂:၀၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၃)
၁၂:၁၅	စိတ်ကူးရေးခြယ် ဆေးရေးပန်းချီအထည်
၁၂:၃၅	အဖိုးတန်ရတနာတို့ဖြစ်တည်ရာ···
၁:၀၀	**ကုသိုလ်ရွှေအိုးလူမခိုး**တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	စကားနပန်း (လက်တည့်စမ်းတာကောင်းတယ်၊ လက်တည့်မစမ်းတာကောင်းတယ်)
၃:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၈)
၄:၂၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၃)
၄:၄၅	နေသားတကျ အရေပြားအလှ နူးညံ့ စိုပြည်ဝင်းမွတ်တဲ့မျက်နှာ
၄:၅၅	လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား
၅:၀၅	My night, My dream and Tri C
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	Hip Hop Acoustics Live Show (Part-5)
၇:၀၅	မြန်မာနေရှင်နယ်လိဂ် ဒုတိယအကျော့ မတိုင်မီ ကြိုတင်ပြင်ဆင်မှုများနှင့် Zayar ShweMyay F.C
၇:၂၀	ဗီဒီယိုပြခန်း
၇:၃၅	2010 Summer Youth Olympics
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း (လက်တည့်စမ်းတာကောင်းတယ်၊ လက်တည့်မစမ်းတာကောင်းတယ်)
၉:၂၅	Barclays Premier League **(Liverpool Vs Arsenal)**
၁၁:၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၈)
၁၂:၀၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ (ကျောက်ငါးသုတေသန သားဖောက်လုပ်ငန်း)
၁၂:၂၀	မိခင်လောင်းများအတွက်အာဟာရ (ဒေါက်တာလှကြည်)
၁၂:၄၀	တစ်ခါစားကြည့်အရသာသိ စွဲငြိစေမည်မဟာဌာနီ
၁၂:၅၀	သစ်ခွ
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၂၅	**Liverpool-Arsenal**	**ESPN (Live)**

အီရန်နျူကလီးယားဓာတ်အားပေးစက်ရုံသို့ ရုရှားက ယူရေနီယံလောင်စာများ ထည့်ပေးမည်

မော်စကို ဩဂုတ် ၁၄

ရုရှားနိုင်ငံက အီရန်နျူကလီးယား ဓာတ်အားပေးစက်ရုံထဲသို့ ယူရေနီယံလောင်စာများ ထည့်ပေးတော့မည်ဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများက ဩဂုတ် ၁၄ရက်တွင် ပြောကြားသည်။

ပို့လွှတ်ပေးနိုင်

ရုရှားနိုင်ငံက ယူရေနီယံလောင်စာများကို ဩဂုတ် ၂၁ရက်တွင် အီရန်နိုင်ငံရှိ ဘူရှီးဟာ နျူကလီးယားဓာတ်ပေါင်းဖိုအတွင်း ထည့်ပေးမည်ဖြစ်ကြောင်း၊ တစ်လခန့်အကြာတွင် အီရန်နိုင်ငံရှိမြို့များသို့ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ပေးနိုင်လိမ့်မည် ဖြစ်ကြောင်း ရုရှားနှင့် အီရန်တာဝန်ရှိသူများက ပြောကြားသည်။ အီရန်နိုင်ငံရှိ ဘူရှီးဟာနျူကလီးယား ဓာတ်ပေါင်းဖိုကို ၁၉၉၅ခုနှစ်တွင် ရုရှားနိုင်ငံက အမေရိကန်ဒေါ်လာ တစ်ဘီလီယံဖြင့် တည်ဆောက်ပေးရန် စာချုပ်ခဲ့ခြင်း ဖြစ်သည်။

ထုတ်လုပ်

ဘူရှီးဟာဓာတ်အားပေးစက်ရုံသည် နျူကလီးယားစွမ်းအား သက်သက်ကိုသာ ထုတ်လုပ်နိုင်လိမ့်မည် ဖြစ်ကြောင်း ရုရှားနျူကလီးယား စွမ်းအင်အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ နိုဗီကော့ဗ်က ပြောကြားသည်။ **(အင်တာနက်)**

ကွာလာလမ်ပူလေဆိပ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းမိ

ကွာလာလမ်ပူ ဩဂုတ် ၁၄

မလေးရှားနိုင်ငံအတွင်း မူးယစ်ဆေးဝါးမှောင်ခိုတင်သွင်းသူ အီရန်နိုင်ငံသားသုံးဦးကို ကွာလာလမ်ပူလေဆိပ်၌ ဩဂုတ် ၁၃ရက်က မလေးရှားရဲတပ်ဖွဲ့က ဖမ်းဆီးမိကြောင်း မလေးရှားအရာရှိများက သတင်းထုတ်ပြန်သည်။

သိမ်းဆည်း

အီရန်နိုင်ငံသားသုံးဦးကို အမေရိကန်ဒေါ်လာ ၁ဒသမ ၂သန်းနှင့်အတူ မူးယစ်ဆေးဝါး ၁၀ဒသမ ၅ကီလိုကို ကွာလာလမ်ပူလေဆိပ်၌ မလေးရှားရဲတပ်ဖွဲ့က သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

တွေ့ရှိ

လေဆိပ်၌တပ်ဆင်ထားသော လုံခြုံရေးတီဗွီဖန်သားပြင်၌ သံသယဖြစ်ဖွယ်အိတ်များကို သတိပြုမိခဲ့ရာမှ ရှာဖွေစစ်ဆေးခဲ့ပြီးနောက် ယခုကဲ့သို့ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ လုံခြုံရေးအဖွဲ့ဝင်များက အီရန်နိုင်ငံသားသုံးဦး၏ အိတ်များအတွင်း ပလတ်စတစ်များဖြင့် ထုပ်ထားပြီး အဝတ်များဖြင့် ဖုံးထားသော မူးယစ်ဆေးဝါးများကို ရှာဖွေတွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ **(အင်တာနက်)**

အအေးစနစ်ချွတ်ယွင်းမှုကြောင့် အစားထိုးတပ်ဆင်ပြီးစီးသွားသည့် နိုင်ငံတကာ အာကာသယာဉ်စခန်းကို ဩဂုတ် ၁၄ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)



ကမ္ဘာ့အကြီးဆုံး ရေအားတာဘိုင်စက်

ဆဲလ်တစ် ဩဂုတ် ၁၄

စကော့တလန်နိုင်ငံ မြောက်ပိုင်း ဂေါ့ဒမ်ဆိပ်ကမ်း၌ ကမ္ဘာ့အကြီးဆုံးရေအားတာဘိုင်စက်ကို ဩဂုတ် ၁၂ရက်က ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။ **(ဓာတ်ပုံ)**

ထုတ်လုပ်

အဆိုပါ ကမ္ဘာ့အကြီးဆုံးရေအားတာဘိုင်စက်သည် အလေးချိန် တန် ၁၃၀ ရှိပြီး ဓာတ်အား ကီလိုဝပ် ၁၀၀၀ကျော် ထုတ်လုပ် ပေးနိုင်စွမ်းရှိကြောင်း သိရသည်။

ဖြန့်ဖြူး

ကမ္ဘာ့အကြီးဆုံး ရေအားတာဘိုင်စက်ကြီးကို အတ္တလန္တစ် ရေအရင်းအမြစ်ကုမ္ပဏီက တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး လူနေအိမ် ၁၀၀၀ ကျော်အတွက် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ကမ္ဘာ့ရာသီဥတုပြောင်းလဲပြီး ရေပြင်အပူချိန်တိုးမြင့်မှုကြောင့် ငါးမျိုးစိတ်အများအပြား နေရာပြောင်းလဲ ကျက်စားနိုင်

ကင်ဘာရာ ဩဂုတ် ၁၄

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ပင်လယ်သမုဒ္ဒရာရေပြင်ပူနွေးလာသည့်အတွက် ရေပျော်ငါးသတ္တဝါများ၏ ကျင်လည်ကျက်စားမှု အနေအထားများ ပြောင်းလဲလာကြောင်း ဩစတြေးလျသုတေသနပညာရှင်များက ဩဂုတ် ၁၄ရက်၌ ထုတ်ဖော်ပြောကြားသည်။

တွေ့ရှိ

ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုကြောင့် ကုန်းတွင်းပိုင်းနေ ငါးမျိုးစိတ်များ၏ ၃၀ရာခိုင်နှုန်းသည် ပုံမှန်ကျင်လည်ကျက်စားနေသော ရေပြင်ဧရိယာ၏ အခြားတစ်နေရာသို့ ရောက်ရှိကျက်စားနေသည်ကို တွေ့ရှိခဲ့ကြရသည်ဟု ၎င်းတို့ကပြောကြားသည်။

ဩစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်းရေပြင်တွင် အပူချိန်သည် လွန်ခဲ့သည့်နှစ်ပေါင်း ၇၀ကျော်ကထက် ပိုမိုမြင့်တက်ခဲ့သဖြင့် ငါးသတ္တဝါမျိုးစိတ်များ နေထိုင်ကျက်စားမှု ပြောင်းလဲခဲ့ခြင်းဖြစ်သည်ဟုဆို၏။

ငါးမျိုးစိတ်အတော်များများသည် အနာဂတ်ကာလ၌ သမုဒ္ဒရာရေပြင်တောင်ပိုင်းဒေသများသို့ ရွှေ့ပြောင်းကျက်စားနိုင်ကြောင်းလည်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ *အမ်အင်န်အေ၊ ဆင်ဟွာ*

တရုတ်နိုင်ငံ ရှန်ဟိုင်း မြို့၌ ယွမ်သန်း ၃၈၀ တန်ဖိုး ရှိသော ကမ္ဘာ့ တတိယ မြောက် တန်ဖိုး အမြင့်ဆုံး ကား တစ်စီးကို ဩဂုတ် ၁၄ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဆူခွိုင်း ဂျက်တိုက်လေယာဉ်များ အင်ဒိုနီးရှားသို့ ရောက်ရှိမည်

ဂျကာတာ ဩဂုတ် ၁၄

အင်ဒိုနီးရှားနိုင်ငံမှ မှာယူထားသည့် ရုရှားနိုင်ငံလုပ် ဆူခွိုင်းဂျက်တိုက်လေယာဉ် သုံးစင်းမှာ လာမည့်စက်တင်ဘာလ၌ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း အင်ဒိုနီးရှားလေတပ်မှ အရာရှိတစ်ဦးက ဩဂုတ် ၁၄ရက်တွင် ပြောကြားသည်။

ဆိုက်ရောက်

အဆိုပါ ဆူခွိုင်းဂျက်တိုက်လေယာဉ် သုံးစင်းမှာ စက်တင်ဘာ ၁၁ရက်၌ အင်ဒိုနီးရှား နိုင်ငံသို့ ဆိုက်ရောက်လာမည်ဖြစ်ကြောင်း၊ သို့သော် ၎င်းတိုက်လေယာဉ်သုံးစင်း တစ်ပြိုင်တည်း ရောက်ရှိလာမည်မဟုတ်ဘဲ ရက်ခြားပြီး ရောက်ရှိလာမည်ဖြစ်ကြာင်း အင်ဒိုနီးရှားစစ်ဘက်က ပြောကြားသည်။

တိုက်ရိုက်ပျံ

ပထမအသုတ် ဆူခွိုင်းဂျက်တိုက်လေယာဉ်နှစ်စင်းမှာ စက်တင်ဘာ ၁၁ရက်၌ အင်ဒိုနီးရှားသို့ ရောက်ရှိလာမည်ဖြစ်ပြီး တတိယတစ်စင်းမှာ စက်တင်ဘာ တတိယသီတင်းပတ်အတွင်း ရောက်ရှိလာမည်ဖြစ်သည်။

၎င်းတိုက်လေယာဉ်များသည် ရုရှားမှ အင်ဒိုနီးရှားသို့ တိုက်ရိုက်ပျံသန်းလာမည်ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ ဆူလ်တန်ဟာဆာနူဒင် လေဆိပ်သို့ ရောက်ရှိလာမည်ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘောဒီးယား၌ ယာဉ်တိုက်မှုကြောင့် သေဆုံးသူ ၉၀၀ကျော်ရှိ

ဖနောင်ပင် ဩဂုတ် ၁၄

ကမ္ဘောဒီးယားနိုင်ငံတစ်ဝန်း ယခုနှစ် ပထမခြောက်လအတွင်း ယာဉ်တိုက်မှုကြောင့် သေဆုံးသူ ၉၀၀ကျော်ရှိကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့၏ စာရင်းဇယားများတွင် ဩဂုတ် ၁၃ရက်က ဖော်ပြသည်။

၂၀၁၀ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ယာဉ်မတော်တဆမှု ၃၀၅၆မှု ဖြစ်ပွားခဲ့ရာ ၉၀၈ဦးသေဆုံးပြီး ၂၈၀၇ဦး ဒဏ်ရာပြင်းထန်ကာ ၂၅၇၉ဦးမှာ အနည်းငယ် ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါစာရင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကနေဒါနိုင်ငံ တိုရွန်တိုမြို့ရှိ အဏ္ဏဝါပြတိုက်မှ ပြုံးနိုင်၊ ကပြနိုင်သော ဝေလငါးတစ်ကောင်ကို ဩဂုတ် ၁၃ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

လူတို့၏ ပေါ့ဆမှုနှင့် သဘာဝဘေးအန္တရာယ် ဖိလစ်ပိုင်နိုင်ငံ၌ ၉၉ကြိမ်ဖြစ်ပေါ်ခဲ့

မနီလာ ဩဂုတ် ၁၄

ဖိလစ်ပိုင်နိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း သဘာဝဘေးအန္တရာယ်နှင့် လူတို့ကြောင့်ဖြစ်ပွားသော ဘေးအန္တရာယ်များ ၉၉ကြိမ် ကြုံတွေ့ခံစားခဲ့ရကြောင်း ဖိလစ်ပိုင်နိုင်ငံ သဘာဝဘေးအန္တရာယ်တုံ့ပြန်ကာကွယ်ရေးဌာနက ဩဂုတ် ၁၃ရက်၌ သတင်းထုတ်ပြန်သည်။

ရင်ဆိုင်ကြုံတွေ့

အဆိုပါ ဘေးအန္တရာယ်များကြောင့် ဖိလစ်ပိုင်ပြည်သူ ၅၇၉၅၄၀မှာ ဘေးဒုက္ခများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရကြောင်း၊ ၎င်းဘေးအန္တရာယ် ၉၉ကြိမ်အနက် အကြိမ် ၂၀မှာ ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။

လူတို့ကြောင့်ဖြစ်

တစ်ဖန် လူတို့ကြောင့်ဖြစ်ပွားသော ဘေးအန္တရာယ်များမှာ ၇၉ကြိမ်ဖြစ်ရာ ပေါ့ဆမီးလောင်ကျွမ်းမှုကြောင့် ပြည်သူ ၄၁ဦး သေဆုံးခဲ့ရသည်ဟု အဆိုပါသတင်း၌ ဆက်လက်ဖော်ပြထားသည်။ သို့သော် ကြိုတင်ပြင်ဆင်မှုနှင့် သတိပေးမှုများကြောင့် ပြီးခဲ့သည့်နှစ် ဇန်နဝါရီလမှ ဇွန်လအထိ ဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်များထက် ဖြစ်ပွားမှုလျော့ကျခဲ့သည်။ **(အင်တာနက်)**

15-8 (04).pmd 1 8/15/2010, 2:40 AM

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

အီတလီမြောက်ပိုင်း၌ လေဆင်နှာမောင်းတိုက်ခတ်

အီတလီနိုင်ငံမြောက်ပိုင်း ဗာစီလီရာအရပ်တွင် ဩဂုတ် ၁၄ရက် နံနက်က လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်သွားရာ နေအိမ်များပျက်စီးပြီး ဓာတ်အားကြိုးများမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ လူနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီတလီအရာရှိများက ပြောကြားသည်။ (အောက်ပုံ)

ပါကစ္စတန်၌ ခရီးသည်တင်ဘတ်စ်ကား တိုက်ခိုက်ခံရ

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်တွင် ဩဂုတ် ၁၄ရက် နံနက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီးကို လက်နက်ကိုင်များ တိုက်ခိုက်မှုကြောင့် ခရီးသည် ၁၀ဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဂူအမ်ကျွန်းကမ်းလွန်၌ အင်အားပြင်းငလျင်လှုပ်

ဂူအမ်ကျွန်းကမ်းလွန်တွင် ဩဂုတ် ၁၄ရက် နံနက်က ရစ်ချ်တာစကေး ၇ ဒသမ ၂ ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း အမေရိကန်အခြေစိုက် ဆူနာမီသတင်းထုတ်ပြန်ရေးဌာနက ပြောကြားသည်။

အိန္ဒိယအရှေ့ပိုင်း၌ မိုင်းတွင်းပြိုကျ

အိန္ဒိယအရှေ့ပိုင်း၌ ကျောက်မီးသွေးမိုင်းတွင်းတစ်တွင်း ဩဂုတ် ၁၄ရက်၌ ပြိုကျမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ခြောက်ဦးပိတ်မိလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။

တောမီးကြောင့် ရေဒီယိုသတ္တိကြွမှုများ ဖြစ်ပေါ်နိုင်

၁၉၈၆ခုနှစ်က ယူကရိန်းနိုင်ငံ ချာနိုဘိုင်း နျူကလီးယား မတော်တဆမှုဖြစ်ပွားခဲ့သော ချာနိုဘိုင်း နျူကလီးယားစက်ရုံအနီး တောမီးများ ကူးစက်လောင်ကျွမ်းမှုကြောင့် ရေဒီယိုသတ္တိကြွမှုများ ဖြစ်ပေါ်နိုင်ကြောင်း ယူကရိန်းအရာရှိများက ဩဂုတ် ၁၄ရက်၌ သတိပေးချက် ထုတ်ပြန်ထားသည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းမြင့်တက်

ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းများ မြင့်တက်လျက်ရှိရာ တရုတ်နိုင်ငံ ဟောင်ကောင်ဈေးကွက်၌ ဩဂုတ် ၁၄ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၁၆ ဒသမ ၁၄ ဒေါ်လာအထိ မြင့်တက်လာကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံ ကွီတာမြို့၌ ဒုံးကျည်ဖြင့်ပစ်ခတ်ခံရ

ပါကစ္စတန်နိုင်ငံ ကွီတာမြို့တွင် ဩဂုတ် ၁၄ရက်၌ တိုက်ခိုက်ရေးသမားက ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် တစ်ဦးသေဆုံးပြီး လူနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

အိန္ဒိယလေတပ်အတွက် ထောက်ပံ့ရေးလေယာဉ်များရရှိမည်

အိန္ဒိယလေတပ်အတွက် အမေရိကန်လုပ် စီ-၁၇၀ ထောက်ပံ့ရေး စစ်ဘက်လေယာဉ်ခြောက်စင်းကို လာမည့် ၂၀၁၁ခုနှစ်ဆန်းပိုင်း၌ လက်ခံရရှိမည်ဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာ တစ်ဘီလီယံတန်ဖိုးရှိကြောင်း အိန္ဒိယစစ်ဘက်မှ ဩဂုတ် ၁၄ရက်၌ ပြောကြားသည်။

တရုတ်အရှေ့မြောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ်

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဟေလုံကျင်ပြည်နယ်တွင် ဩဂုတ် ၁၄ရက်က မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း၊ နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။ ။

(အင်တာနက်)

အင်းစိန်မြို့နယ်ရှိ သင်ကြားရေးနှင့်အထွေထွေရောဂါကုဆေးရုံကြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၄

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ခုတင်(၃၀၀)ဆံ့ သင်ကြားရေးနှင့်အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ယင်းသို့ တွေ့ဆုံရာတွင် ဆေးရုံအုပ်ကြီး ဒေါက်တာဦးကျော်ကျော်က ဆေးရုံကြီး၏ ကုသရေးနှင့် သင်ကြားရေးကိစ္စများ၊ ဆေးရုံအဆောက်အအုံ ပြုပြင်ခြင်းလုပ်ငန်းများ၊ ဆေးရုံဝင်းအတွင်း လမ်းခင်းကျင်းထားမှုများ၊ ဆေးရုံသုံးစက်ကိရိယာပစ္စည်းများ ဝယ်ယူဖြည့်တင်းမှုလုပ်ငန်းများနှင့် ဆေးရုံကြီးသို့ ပြည်သူများ လှူဒါန်းထားရှိမှုများကိုလည်းကောင်း၊ ဆေးတက္ကသိုလ်(၂)မှ ပါမောက္ခ ဒေါက်တာဦးမြင့်ဟန်က ဆေးရုံကြီး၌ ဆောင်ရွက်လျက်ရှိသည့် ဆေးလက်တွေ့သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးက သင်ကြားရေးနှင့် ကုသရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လူနာဆောင်များနှင့် ခွဲစိတ်ခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး အင်းစိန်မြို့နယ်ရှိ ခုတင်(၃၀၀)ဆံ့ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (ကျန်းမာရေး)

အလုံမြို့နယ် ဗဟိုလမ်း မနော်ဟာရီရိပ်သာ F-၂၀၅ အမှတ် ၄၇နေ ဦးသာမြင့်-ဒေါ်သိန်းသိန်းမိသားစုက ဦးသာမြင့်၏ (၈၄)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ ဩဂုတ် ၇ရက်က အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

စလင်းမြို့နယ် လင်းဇင်းရွာ ကျေးရွာစာကြည့်တိုက်ပန္နက်တင်

စလင်း ဩဂုတ် ၁၄

မကွေးတိုင်း စလင်းမြို့နယ် လင်းဇင်းရွာ ဘိုးရာဇာစာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို အဆိုပါ စာကြည့်တိုက်မြေနေရာ၌ ဇူလိုင် ၁၁ရက်က ကျင်းပသည်။ အခမ်းအနားတွင် စလင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ဦး **(အောက်ပုံ)**၊ လင်းဇင်းတိုက်နယ်ဆရာဝန် ဒေါက်တာဝင်းခိုင်၊ ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ကျော်တင့်၊ လင်းဇင်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစံထိုက်နှင့် စာကြည့်တိုက်ကော်မတီဝင်များက ပန္နက်တင်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်ယန္တရားများ ကောင်းမွန်မှု ရှိ မရှိကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မင်းဘူးခရိုင် ရေဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

မင်းဘူး ဩဂုတ် ၁၄

မကွေးတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မင်းဘူးခရိုင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတတိုးပွားစေရေးနှင့် ငါးထုတ်လုပ်မှုတိုးတက်စေရေးအတွက် ရေဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၃၁ရက် နံနက် ၈နာရီက မင်းဘူးမြို့ အမှတ်(၄)ရပ်ကွက်၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်

အဆိုပါ အခမ်းအနားသို့ တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး ဦးပေါ်လွင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ငွေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းနိုင်၊ ခရိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းနှင့်ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းငါးလုပ်ငန်းအဖွဲ့ချုပ်၊ ရေလုပ်ငန်းရှင်များ တက်ရောက်ကြပြီး ရေဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်း၊ ငါးသန် သုံးသိန်းကို ငါးမျိုးစိုက်ထည့်ကြသည်။**(အပေါ်ပုံ) (မြို့နယ်ပြန်/ဆက်)**

ငါးရစ် ငါးသန် ဘောမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

နိုင်ငံ့ဂုဏ်ဆောင်နိုင်စေရန် စိတ်ဓာတ်ခံယူချက် မြင့်မြင့်မားမားထား အားကစားပြိုင်ပွဲများ၌ အောင်မြင်မှုရရှိရေး အထူးကြိုးစားဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး သူရဦးအေးမြင့်သည် ယမန်နေ့ ညနေ၃နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏပဋ္ဌာခန်းမ၌ ဂျပန်နိုင်ငံ တိုကျိုမြို့တွင်ကျင်းပမည့် အာရှသက်ငယ်တန်း လူငယ်အားကစား ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့ကြက်တောင်နှင့် ဂျူဒိုအားကစားအဖွဲ့၊ ဘာဘဒိုးစ်နိုင်ငံတွင် လက်ဝှေ့အားကစားနည်း ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန်နှင့် အမျိုးသမီးတံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလက်ဝှေ့အဖွဲ့၊ အိန္ဒိယနိုင်ငံ ပူနင်းမြို့တွင်ကျင်းပမည့် ကမ္ဘာ့ဘီလီယက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာဘီလီယက်နှင့် စနူကာအဖွဲ့၊ တူရကီနိုင်ငံ အီစတန်ဘူမြို့တွင် ကျင်းပမည့် Children of the World Camp သို့သွားရောက်မည့် မြန်မာဘတ်စကက်ဘောအားကစားအဖွဲ့နှင့် တရုတ်နိုင်ငံ ပီကင်းမြို့ အပြည်ပြည်ဆိုင်ရာ ဝူရှူးအဖွဲ့ချုပ် အသိအမှတ်ပြု ဒိုင်လူကြီးစာမေးပွဲဖြေဆိုရန် သွားရောက်မည့် မြန်မာဝူရှူးအဖွဲ့တို့အား တွေ့ဆုံအမှာစကားပြောကြားသည့် အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်လှိုင်၊ မြန်မာနိုင်ငံဘီလီယက်နှင့် စနူကာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာမင်းနိုင်၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးထွန်းထွန်းဦးတို့က ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် သွားရောက်ယှဉ်ပြိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် ဝန်ကြီးက အမှာစကားပြောကြားရာ၌ နိုင်ငံတော်ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရခြင်း ဖြစ်သဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်စေရန် စိတ်ဓာတ်၊ ခံယူချက် မြင့်မြင့်မားမားထား၍ ယှဉ်ပြိုင်ကြရန်၊ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေပြီး အတွေ့အကြုံကောင်းများရရှိရေး ကြိုးစားဆောင်ရွက်ကြရန်နှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေး အထူးကြိုးစားဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများဖွင့်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်အားပေး

နေပြည်တော် ဩဂုတ် ၁၄

ရခိုင်ပြည်နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ရက် နံနက်ပိုင်းက စစ်တွေမြို့ ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သောင်းအေး တက်ရောက်အားပေးသည်။

ဖြန့်ဝေပေး

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ရခိုင်ပြည်နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ်ပြိုင်ပွဲများတွင် ပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး ကလေးငယ်များအား ဗီတာမင်ဆေးလုံးများ လိုက်လံတိုက်ကျွေးကြကာ ကိုယ်ဝန်ဆောင်မိခင်များကို သံဓာတ်ဆေးပြားနှင့် ဘီဝမ်းဆေးပြားများ ဖြန့်ဝေပေးကြသည်။

ဆက်လက်၍ တိုင်းမှူးက အိုင်အိုဒင်းဆားတွင် အိုင်အိုဒင်းဓာတ် ပါဝင်မှု စမ်းသပ်စစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

လိုအပ်သည်များမှာကြား

ထို့နောက် စစ်တွေမြို့ တရားသီးစုရပ်ကွက်ရှိ ကျန်းမာရေးဦးစီးဌာန ဒေသန္တရကျန်းမာရေးဌာနနှင့် မင်းဂံရပ်ကွက်ရှိ ဒေသန္တရကျန်းမာရေးဦးစီးဌာနခွဲများသို့ သွားရောက်၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် ကလေးငယ်များအား ဗီတာမင်ဆေးလုံးများတိုက်ကျွေးပြီး ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားနှင့် ဘီဝမ်းဆေးပြားများ ဖြန့်ဝေပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေး ပွင့်ဖြူမြို့နယ်၌ ဆောင်ရွက်

ပွင့်ဖြူ ဩဂုတ် ၁၄

ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေ လေ့လာရေး အစီအစဉ်ဖွင့်ပွဲ အခမ်းအနားကို မကွေးတိုင်း ပွင့်ဖြူမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန စံပြဝက်မွေးမြူရေးခြံ အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက ကျင်းပရာ မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအောင်ဌေးနှင့် မကွေးတိုင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာမောင်လှိုင်တို့က အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဌေး၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကိုကိုနိုင်၊ မြို့နယ်ဦးစီးမှူး ဦးစောလွင်၊ မကွေးဓာတ်ခွဲခန်းမှ ဒေါက်တာဒေါ်မာမာအေးတို့ တက်ရောက်ကြသည်။

ယင်းနောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေးနှင့် ရောဂါထောက်လှမ်းရေးအစီအစဉ်များ၊ လက်တွေ့ဆောင်ရွက်ရမည့် နည်းစနစ်များကို ဆွေးနွေးဟောပြောပို့ချခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

ရသေ့တောင်မြို့နယ်၌ ဆန်စပါးအသင်းဖွဲ့စည်း

ရသေ့တောင် ဩဂုတ် ၁၄

စစ်တွေခရိုင် ရသေ့တောင်မြို့နယ် ဆန်စပါးလုပ်ငန်းအသင်း ဖွဲ့စည်းခြင်း အခမ်းအနားကို ဩဂုတ် ၈ရက် မွန်းတည့် ၁၂နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မျိုးမြင့်က အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာထွက်ကုန်တာဝန်ခံ ဦးကျော်စိန်ဝင်းက ဖွဲ့စည်းပုံနည်းစနစ်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရသေ့တောင်မြို့နယ် ဆန်စပါးလုပ်ငန်းအသင်းကို ဥက္ကဋ္ဌ ဦးထွန်းမြ၊ ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်စိန်၊ အတွင်းရေးမှူး ဦးသန်းမြ၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်သန်း၊ ဘဏ္ဍာရေးမှူး ဦးကျော်ရင်၊ စာရင်းစစ် ဦးစံရွှေမောင်နှင့် အမှုဆောင်ရှစ်ဦးအပါအဝင် စုစုပေါင်း ၁၅ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေလှောင်ကန်တူးဖော်ထားမှု

မုဒုံမြို့နယ် ဘလောက်သျှောင်ပိုင်း ကျေးရွာရှိ မြေသားရေလှောင်ကန် တူးဖော်ထားမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ဇူလိုင် ၃၁ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

တောင်ငူမြို့နယ်၌ မူလတန်းကျောင်းခွဲဖွင့်

တောင်ငူ ဩဂုတ် ၁၄

အခြေခံပညာ မူလတန်းကျောင်းခွဲ ဖွင့်လှစ်ပွဲကို တောင်ငူမြို့နယ် နေပူကုန်းကျေးရွာအုပ်စု ကန်တစ်ရာကျေးရွာ မူလတန်းကျောင်း၌ ဩဂုတ် ၆ရက် နံနက် ၁၀နာရီက ကျင်းပသည်။

ဖွင့်လှစ်ပေး

အဆိုပါ အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဦးကျင်ဆိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးမင်း၊ ဒေသခံတပ်နယ်မှ ဗိုလ်ကြီးကျော်သီဟတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူးက ကျောင်းခွဲ ဖွင့်လှစ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မေဦးက ကျောင်းလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်း ပြောကြားခဲ့သည်။

(ခရိုင် ပြန်/ဆက်)

မြေဆီလွှာထိန်းသိမ်းရေးသင်တန်း တောင်ကြီး၌ဖွင့်

တောင်ကြီး ဩဂုတ် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) သစ်တောဦးစီးဌာန၏ မြေဆီလွှာထိန်းသိမ်းရေးသင်တန်း အမှတ်စဉ်(၁/၂၀၁၀) ဖွင့်ပွဲကို ဩဂုတ် ၂ရက် နံနက်၉နာရီက ရှင်မြို့မင်းတိုင်ပင်စခန်း၌ ကျင်းပရာ ရှေးဦးစွာ ရှမ်းပြည်နယ်(တောင်ပိုင်း) သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်အေး **(ယာပုံ)** က အမှာစကားပြောကြားပြီး တောင်ကြီးခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့် အင်းလေးကန်စိမ်းလန်းစိုပြည်ရေး လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးလွင်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ရေဝေရေလဲဒေသ အုပ်ချုပ်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင်က သင်တန်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

လက်တွေ့ကွင်းဆင်း

အဆိုပါ မြေဆီလွှာထိန်းသိမ်းရေး သင်တန်းကို ဩဂုတ် ၂ရက်မှ ၆ရက်အထိ ဖွင့်လှစ်ပြီး ပင်းတယမြို့နယ်ရှိ ပေါနလွင်ပြင်နှင့် ပေါနဆည်တို့တွင် လက်တွေ့ကွင်းဆင်းခဲ့ကြသည်။ **(၁၈၉)**

ရေမြောင်းဆယ်ယူသန့်ရှင်း

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဇူလိုင်၂၆ရက်က ဒုတိယဦးစီးမှူး(ဈေး)ဦးမိုးကျော်ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများ ရေမြောင်းဆယ်ယူသန့်ရှင်းရေး ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့် မန်တပ်အခြေခံပညာအထက်တန်းကျောင်း၌ စာအုပ်များလှူဒါန်း

နေပြည်တော် ဩဂုတ် ၁၄

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်သည် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၆ရက် နံနက်ပိုင်းက နမ့်ခမ်း မန်တပ်ကျေးရွာရှိ မန်တပ်တိုက်နယ်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်အားပေး၍ စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် မန်တပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။

ပေးအပ်

တိုင်းမှူးသည် ဩဂုတ် ၇ရက်က မန်တပ်ကျေးရွာ နယ်မြေခံတပ်ရင်းခန်းမ၌ တပ်နယ်မှ အရာရှိ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟိုလေ့ကျင့်ရေးကျောင်း သင်တန်းများဆင်းပွဲ ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကို တက်ရောက်

ရန်ကုန် ဩဂုတ် ၁၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၃၇/၃၈)နှင့် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၆၆/၆၇)သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁၃ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း သင်တန်းခန်းမ၌ ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကို၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ပေးအပ်

သင်တန်းဆင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုက အမှာစကားပြောကြားပြီး စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၃၇/၃၈)မှ ထူးချွန်ဆုရရှိသူများ၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၆၆)နှင့် (၆၇)မှ ထူးချွန်ဆုရရှိသူများအား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်များအား ပေးအပ်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် သင်တန်းအိပ်ဆောင်နှင့် စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၃၇/၃၈)သို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ၅၁ ဦးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သုံးဦး၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၆၆/၆၇)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ၅၉ဦးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ၁၀ဦး စုစုပေါင်း သင်တန်းသား ၁၂၃ဦး တက်ရောက်ကြပြီး သင်တန်းကာလရက်သတ္တ ၁၂ ပတ် ကြာမြင့်ခဲ့သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ပရဟိတ(ကျား)ကျောင်း၌ ဖွင့်လှစ်လျက်ရှိသော အသက်မွေးမှုပညာလေ့ကျင့်ရေး သင်တန်းကျောင်း(စက်ပြင်/အလုပ်ရုံ) သင်တန်းတွင် သင်တန်းသားများ၏ သင်ကြား၊ လေ့ကျင့်နေမှုများကို ကြည့်ရှု အားပေးခဲ့သည်။(**အပေါ်ပုံ**) အဆိုပါ သင်တန်းသို့ သင်တန်းသားစုစုပေါင်း ၄၃ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ခြောက်လ ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဘင်သက်ကြီးပူဇော်ပွဲ မော်လမြိုင်မြို့နယ်၌ကျင်းပ

မော်လမြိုင် ဩဂုတ် ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် သဘင်ပညာရှင်များ အစည်းအရုံး၏ (၃၂)ကြိမ်မြောက် သဘင်သက်ကြီးပူဇော်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ်၈ရက်က မော်လမြိုင်မြို့နယ်သဘင်ပညာရှင်များ အစည်းအရုံး၌ ကျင်းပရာ ရှေးဦးစွာ အခမ်းအနားတွင် မော်လမြိုင်မြို့နယ် သဘင်ပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌ ဦးတိုင်းကျော် (**အပေါ်ပုံ**)နှင့် မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး(ဗဟို) အတွင်းရေးမှူး ဦးအောင်တင်ဝင်းတို့က အမှာစကားပြောကြားပြီး အလုပ်အမှုဆောင်များက တစ်နှစ်တာဆောင်ရွက်ချက်များကို တင်သွင်းဖတ်ကြားကြသည်။

ထောက်ပံ့လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး (ဗဟို) အတွင်းရေးမှူးနှင့် မြို့နယ်သဘင်ပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အမှုဆောင်များ၊ အစည်းအရုံးဝင်တို့က သဘင်သက်ကြီးအပူဇော်ခံသူ ၂၂ဦးတို့အား လှူဖွယ်ပစ္စည်းများနှင့် ငွေများ ထောက်ပံ့လှူဒါန်းကြသည်။

ဆုချီးမြှင့်

ဆက်လက်၍ ၂၀၀၉-၂၀၁၀ခုနှစ် လုပ်ငန်းခွင်ရက်ပြည့် သဘင် လုပ်သားများအား မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး(ဗဟို) အတွင်းရေးမှူး ဦးအောင်တင်ဝင်း၊ မြို့နယ်သဘင်ပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌ ဦးတိုင်းကျော်၊ အတွင်းရေးမှူး ဦးကျော်ရွှေ၊ ဘဏ္ဍာရေးမှူး ဦးရွှေမြိုင်ဝင်းကြည်၊ စာရင်းစစ် ဦးစိန်လှဝေနှင့် ပြန်ကြားရေးမှူး ဦးရဲခိုင်တို့က ဆုများချီးမြှင့်ခဲ့ကြသည်။

(ဝ၁၄)

ရွှေတောင်မြို့နယ်၌ ကျေးရွာပိုင်စိုက်ခင်း တစ်ရွာတစ်ဧက စိုက်ပျိုး

ရွှေတောင် ဩဂုတ် ၁၄

ပြည်ခရိုင် ရွှေတောင်မြို့နယ် သစ်တောဦးစီးဌာန၏ ကျေးလက်အိမ်ရာထူထောင်ရေးစီမံချက် ကျေးရွာပိုင်စိုက်ခင်း တစ်ရွာတစ်ဧက စိုက်ပျိုးခြင်းကို ရွှေတောင်မြို့နယ် ဇယ်မအုပ်စု စိုက်ပျိုးရေးရွာသစ်ကျေးရွာ၌ ဇွန် ၂၈ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာန ဌာနမှူး ဦးဖိုးချိုနှင့် ဝန်ထမ်းများ ဇင်မကျေးရွာအုပ်စု ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသံဒိုင်နှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ရွာသူရွာသားများက သစ်မာ၊ ယူကလစ်ပင် အပင် ၁၂၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ခြင်ဆေးဖျန်း

ဇူလိုင် ၂၄ရက်က ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဝင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။ (ပညာရေး)

မွန်ပြည်နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားများကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

မော်လမြိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု အခမ်းအနားများကို ဇူလိုင် ၃၁ရက်က ရွှေမြိုင်သီရိ ရပ်ကွက်ရုံး၌လည်းကောင်း၊ ဩဂုတ် ၈ရက်တွင် သာယာအေးဒေသန္တရ ကျန်းမာရေးဌာန၌ လည်းကောင်း၊ ဩဂုတ် ၁၁ရက်က လှိုင်ရပ်ကွက်ရုံး၌လည်းကောင်း ကျင်းပရာ မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းနှင့် မွန်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်တို့က အမှာစကား ပြောကြားကြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီနီအေးနှင့် ဒေသန္တရကျန်းမာရေးဌာန တာဝန်ခံ ဆရာဝန်တို့က အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှုများနှင့် မိခင်နို့ တိုက်ကျွေးခြင်းဆိုင်ရာများကို ပညာပေးဟောပြောကြသည်။

ဝေနတာတမံ ထိန်းသိမ်းစောင့်ရှောက်ရေး ရေကြည်မြို့နယ်၌ သရုပ်ပြလေ့ကျင့်

ရေကြည် ဩဂုတ် ၁၄

ရေကြည်မြို့နယ်အတွင်း ဝေနတာတမံ ထိန်းသိမ်းစောင့်ရှောက်မှု သရုပ်ပြလေ့ကျင့်ပွဲကို ငသိုင်းချောင်းမြို့ ရွှေဘိုရပ်ကွက် ဝေနတာတမံ မိုင်တိုင်အမှတ် (၄၆/၀)၌ ဩဂုတ် ၉ရက် နံနက် ၉နာရီက ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဧရာဝတီတိုင်း ဆည်မြောင်း ဒုတိယ ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ ခရိုင်ဆည်မြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ မြို့နယ် ဥက္ကဋ္ဌ ဦးစံလှိုင်၊ ငသိုင်းချောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးရန်လင်း၊ မြို့နယ်ဌာနဆိုင်ရာများ၊ တာတမံထိန်းသိမ်းကြီးကြပ်ရေး အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (**အပေါ်ပုံ**)

(မြို့နယ် ပြန်/ဆက်)

ထို့အတူ အာဟာရပြင်ဆင်ချက်ပြုတ်မှု သရုပ်ပြခြင်း၊ အာဟာရချို့တဲ့ကလေးငယ်များအား အာဟာရကျွေးမွေးခြင်း၊ စံပြနို့တိုက် မိခင်များအား ရွေးချယ်ဆုပေးခြင်းနှင့် တက်ရောက်လာကြသူများအား အာဟာရနှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းများကိုဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးအလွဲသုံးမှု ကြိုတင်ကာကွယ်ရေး ကျောက်တန်း၌ဟောပြော

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)မှ ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်တွင် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးအလွဲသုံးမှု ကြိုတင်ကာကွယ်တားဆီးရေး၊ ဗဟုသုတနှင့်သတင်းအချက်အလက်များ ဆွေးနွေးဖလှယ်ခြင်း အခမ်းအနားကို ဩဂုတ် ၁၁ရက်က ကျောက်တန်းမြို့နယ် အထက(၂) သော်ကရတနာခန်းမ၌ မွန်းလွဲ ၂နာရီက ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်(**အောက်ပုံ**)နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်ခိုင်တို့က အမှာစကားပြောကြားကြပြီး အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ငွေကြယ်ပွင့်လူငယ်များက ကျောင်းသား ကျောင်းသူများအား လူငယ်ထုအတွင်း မူးယစ်ဆေးဝါးအလွဲသုံးမှု ကြိုတင်ကာကွယ်တားဆီးရေး၊ ဗဟုသုတနှင့် သတင်းအချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ရတနာတို့၏ ဘူမိနက်သန်

အောင်မင်းမင်း(နေပြည်တော်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် စတုတ္ထမြောက် ဆင်ဖြူတော်ရတနာပေါ်ပေါက်လာကြောင်း ၉-၈-၂၀၁၀ရက်နေ့ည ရုပ်မြင်သံကြားသတင်းတွင် ကြည့်ရှုလိုက်ရသည်။ ဆင်ဖြူတော်ရတနာသည် ဗုဒ္ဓသာသနာထွန်းကားစည်ပင်သော နိုင်ငံများ၊ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူတို့ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်သောနိုင်ငံ၊ စည်ပင်ဝပြော ဖွံ့ဖြိုးတိုးတက်မည့်နိုင်ငံတို့၌သာ ပေါ်ထွန်းမြဲဖြစ်ရာ ရုပ်မြင်သံကြားသတင်းကို နားဆင်ကြည့်ရှုရင်းပင် အတိုင်းမသိ ဝမ်းမြောက်ခဲ့ရပါသည်။

ဆင်ဖြူတော်ပေါ်ပေါက်ရရှိခြင်းမရှိမီ အိပ်မက်မက်ခြင်းသည်ပင် မြန်မာတို့အဖို့ အလွန်ကြီးမြတ်သောအဓိပ္ပာယ်ကို ဆောင်လျက်ရှိသည်။ သာမန်ဆင်တစ်ကောင်ဖြင့် အိပ်မက်မက်ပါက မိတ်ဆွေ(သို့မဟုတ်) ပြင်ပမှ အကူအညီရရှိမည်ဟု အိပ်မက်ကျမ်းတစ်ခုက ဖွင့်ဆို၏။ ဆင်ဖြူတော်ဖြင့်မက်လျှင်ကား ပူဇော်မှုကိုခံရလတ္တံ့၊ ကျော်စောအံ့၊ စားကောင်းသောက်ဖွယ်တို့ဖြင့် ခမ်းနားကြီးကျယ်လတ္တံ့ စသည်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုကြ၏။ မယ်တော်မာယာ၏ ဝမ်းကြာတိုက်တွင် ဘုရားလောင်းပဋိသန္ဓေဖြစ်သောအခါ ကောင်းကင်ယံမှ ဆင်ဖြူတော်သည် သပြေခက်ကို နှာမောင်းနှင့်ချီလျက် မြောက်အရပ်မှလာ၍ သီရိမဟာမာယာမိဖုရားကြီး၏ လက်ယာနံပါးကိုလှစ်၍ ဝမ်းကြာတိုက်တွင် ဝင်ရောက်ကိန်းအောင်းသည်ဟု အိပ်မက်မြင်မက်ရာ ပုရောဟိတ်များက ထူးခြားမြင့်မြတ်သော သားရတနာ မယ်တော်မာယာ၏ ဝမ်းကြာတိုက်တွင် သန္ဓေတည်နေပြီဟု နိမိတ်ဖတ်ခဲ့လေသည်။ ဤသည်တို့မှာ နိပါတ်တော်လာ ဆင်ဖြူတော်နှင့်ပတ်သက်၍ အိပ်မက်၊ အတိတ်နိမိတ်ယူခဲ့ကြပုံကို ဖော်ပြခြင်းဖြစ်သည်။

ယခုမူ အိပ်မက်မဟုတ်ပါ။ အမှန်တကယ်ပင် ဆင်ဖြူတော်တစ်စီးကို မျက်ဝါးထင်ထင် တွေ့မြင်ခွင့်ရခဲ့ပြီဖြစ်သည်။ ဆင်ဖြူတော်ရတနာသည် အဖော်ဆင်များခြံရံလျက် မော်တော်ယာဉ်ဖြင့် ၂၀၁၀ခုနှစ် ဩဂုတ်လ ၉ရက်နေ့ မွန်းလွဲ ၁နာရီ ၄၄မိနစ်တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ် ပရိဝုဏ်သို့ရောက်ရှိလာခဲ့ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် တာဝန်ရှိသူများက အာဂန္တုမင်္ဂလာအဖြစ် အန္တရာယ်ကင်းပရိတ်ရေများ၊ အမွှေးနံ့သာများဖြင့် ပက်ဖျန်း၍ ကြိုဆိုခဲ့ကြသည်။ ဆင်ဖြူတော် ရတနာ၏အမည်နာမမှာ **ဘဒ္ဒဝတီ** ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုသမိုင်းထဲတွင် ကျီးဖြူ၊ ဥဒေါင်းဖြူ၊ ဆိတ်ဖြူ၊ နွားဖြူ၊ မြင်းဖြူ၊ ဆင်ဖြူတို့ကို သူတော်စာရင်းဝင်များဟု သတ်မှတ်ထားသည်။ အဖြူရောင်သည် တောက်ပသစ်လွင်ခြင်း၊ သန့်ရှင်းခြင်း၊ စင်ကြယ်မွန်မြတ်ခြင်း၊ ဘေးဥပဒ်ကင်းခြင်း၊ နှစ်သက်မြတ်နိုးဖွယ်ကောင်းခြင်း စသည့်သဘောအနက်တို့ကို ဆောင်သည်။ ထို့ကြောင့်ပင် မြန်မာမင်းတို့ လယ်ထွန်မင်္ဂလာဆင်းရာတွင်လည်း နွားဖြူများဖြင့်သာ ကျင်းပလေ့ရှိသည်။

ဆင်ဖြူတော်ပေါ်ပေါက်ခြင်းသည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတို့၏ ဘုန်းကံနှင့်ဆိုင်ကြောင်း ကျမ်းဂန်များက ဆိုပါသည်။ အလောင်းတော် ဝေဿန္တရာမင်းကြီးသည် ဆင်ဖြူရှင်မင်းတစ်ပါးဖြစ်ပြီး တိုင်းပြည်တွင် ဆန်ရေစပါးပေါများကြွယ်ဝကာ အေးချမ်းသာယာ စည်ပင်ဖွံ့ဖြိုးခဲ့သည်။ မြန်မာ့ခေတ်ဦး အနော်ရထာမင်းကြီးတွင် စီးတော်ဆင်ဖြူအပြင် ဆင်ဖြူတော် ၃၈စီးရှိကြောင်း သမိုင်းမှတ်တမ်းများတွင် တွေ့ရသည်။ ကျန်စစ်သားမင်းကြီး၏မြေးတော် အလောင်းစည်သူမင်းကြီးသည်လည်း ဆင်ဖြူတော် ၃၆စီးပိုင်ဆိုင်သော ဆင်ဖြူရှင် ဘုရင်တစ်ပါးဖြစ်သည်။ ဒုတိယမြန်မာနိုင်ငံကို ပြန်လည်တည်ထောင်ခဲ့သူ ဘုရင့်နောင်မင်းတရားကြီးက ယိုးဒယားဘုရင်ကဆက်သသော ဆင်ဖြူတော်လေးစီးအပါအဝင် ဆင်ဖြူများစွာပိုင်ဆိုင်ခဲ့ပြီး ဆင်ဖြူများရှင်ဘွဲ့ကို ခံယူခဲ့သည်။ စစ်အင်အားတောင့်တင်းကာ ဘေးရန်များကင်းရှံမက စီးပွားကုန်သွယ် လယ်ယာစိုက်ပျိုး ပြည်သူအားလုံး စီးပွားတိုးခဲ့ကြသည်။ စည်ပင်ဝပြောခဲ့ကြသည်။

ဆင်ဖြူတော် ပေါ်ပေါက်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးစည်ပင်ခြင်း၊ ငြိမ်းချမ်းသာယာခြင်း၊ လက်ရှိအခြေအနေထက် တိုးတက်ဖွံ့ဖြိုးစည်ပင်ခြင်း၊ သတ္တန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ် စသော ကပ်ကြီးသုံးပါးမှ ကင်းလွတ်နိုင်ခြင်းစသည့် အတိတ်၊ နိမိတ်တို့ကို ဆောင်လေသည်။ ဆင်ဖြူတော် ပေါ်ပေါက်ပိုင်ဆိုင်ခွင့်မရခဲ့သည့် မင်းများစွာရှိပြီး ဆင်ဖြူတော်ပိုင်ဆိုင်သည့် မင်းများသည် အခြားမင်းများထက် ဘုန်းကံကြီးမားပြီး စိုးစံသည့်ကာလတစ်လျှောက်လုံးလည်း တိုင်းပြည်တွင် ခိုးသားရန်သူဘေးတို့မှ ကင်းဝေးကာ မိုးလေဝသမှန်ကန်ကောင်းမွန်၍ ဆန်ရေစပါး ပေါများကြွယ်ဝခဲ့ကြသည်။ တိုင်းသူပြည်သားများလည်း စစ်မက်ကင်းဝေး၊ စီးပွားရေးကောင်းမွန်ကာ အလှူအတန်း ပွဲလမ်းသဘင်များနှင့် အလွန်ပင် စည်ပင်အေးချမ်းခဲ့လေသည်။

မျက်မှောက်ကာလ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ထူးခြားစွာ ဆင်ဖြူတော်များ ပေါ်ပေါက်ခဲ့ရာ ယခု နောက်ဆုံးပေါ်ပေါက်ခဲ့သော **ဘဒ္ဒဝတီဆင်ဖြူတော်ရတနာ**နှင့်ပါဆိုလျှင် လေးစီးပင်ရှိပြီဖြစ်သည်။ ပထမဆုံးသော ဆင်ဖြူတော်ရတနာသည် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အထက်နန်းရာ အုပ်စုတွင် ၂၀၀၁ခုနှစ် အောက်တိုဘာလ တတိယပတ်တွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့သို့ နိုဝင်ဘာလ ၁၅ရက်နေ့တွင် ရောက်ရှိခဲ့သည်။ ရှေးအစဉ်အဆက် ပညာရှင်များ၏ မိန့်ဆိုချက်များအရ ဆင်ဖြူတော်၏ ကြန်အင်လက္ခဏာများမှာ မျက်လုံးပုလဲရောင်၊ သွား အဖြူရောင်၊ ငှက်ပျောကိုင်းသဏ္ဌာန်ကျောကုန်းနှင့် ကျွဲဖြူကဲ့သို့ အမွေးရောင်ရှိပြီး အမြီးမှာ တံခါး လက်ဝါးပုံ၊ နားရွက်မှာ သာမန်ဆင်များထက်ကြီးကြောင်း မိန့်ဆိုထားခဲ့ရာ အဆိုပါဆင်မှာ မျက်လုံးပုလဲရောင်၊ ငှက်ပျောကိုင်းသဏ္ဌာန်ကျောကုန်းနှင့် အမွေးအဖြူရောင်ဖြစ်ကာ ကြန်အင်လက္ခဏာများ ကိုက်ညီသည်ကိုသိရှိရသည်။ အမည်နာမမှာ **“ရာဇဂဟသီရိပစ္စယဂဇရာဇာ”** ဖြစ်သည်။ ထို့နောက် ၂၀၀၂ခုနှစ် ဧပြီလတွင် ဆင်ဖြူတော်ရတနာတစ်စီး ထပ်မံပေါ်ပေါက်လာခဲ့ပြီး ရန်ကုန်မြို့သို့ ဧပြီလ ၅ရက်နေ့တွင် ရောက်ရှိခဲ့သည်။ အမည်နာမမှာ **သီဂိမာလာ** ဖြစ်သည်။ ၂၀၀၂ခုနှစ် နှစ်ကုန်ပိုင်း ဒီဇင်ဘာလ ၆ရက်နေ့တွင် ရန်ကုန်မြို့သို့ ထပ်မံရောက်ရှိလာသော ဆင်ဖြူတော်ရတနာ **ရတီမာလာ**ကား တတိယမြောက် ဆင်ဖြူတော်ဖြစ်လေသည်။ ထို့နောက်တွင်ကား ထပ်မံပေါ်ပေါက်ခြင်းမရှိဘဲ ယခုကဲ့သို့ နိုင်ငံတော်အတွက် အရေးကြီးသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ လျှောက်လှမ်းချီတက်နေချိန်တွင်မှ ပေါ်ပေါက်လာခြင်းဖြစ်ရာ အလွန်ပင် ထူးခြားလှသည်။

ဆင်ဖြူတော်ရတနာနှင့် ပတ်သက်၍ လေ့လာမှတ်သားမိသမျှ တင်ပြလိုပါသည်။ အာဖရိကတိုက်သည်လည်းကောင်း၊ တောင်အာရှ အိန္ဒိယသည်လည်းကောင်း၊ အရှေ့တောင်အာရှရှိ ယိုးဒယားနိုင်ငံသည်လည်းကောင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့သည်လည်းကောင်း ဆင်များ(တောရိုင်းဆင်များ) ပေါက်ဖွားရာဒေသများဖြစ်သည်။ သို့ရာတွင် ဆင်ဖြူတော်ပေါ်ပေါက်သည်၊ တွေ့ရှိသည်ဟု မကြားမိပေ။ ရှေးဟောင်းကျမ်းဂန်များတွင်လည်း ဆင်ဖြူတော်သည် ဆင်တစ်ထောင်တွင်ပင် တစ်ကောင်တွေ့ရန် မလွယ်ကူကြောင်း ဖော်ပြကြသည်။ ဤမျှရှားပါးသော ဆင်ဖြူတော်ရတနာသည် ထူးခြားသော အတိတ်၊ တဘောင်၊ နိမိတ်တို့ကို သယ်ဆောင်လာသည်မှာ ငြင်းဖွယ်ရာမရှိပေ။ ထို့ကြောင့်လည်း အတိတ်ကောင်း၊ နိမိတ်ကောင်းတို့နှင့် ယှဉ်၍သာ ဆင်ဖြူတော် ပေါ်ပေါက်လေ့ရှိသည်ကို တွေ့နိုင်လေသည်။ ဆင်ဖြူတော်လိုချင်၍ ကာလရှည်ကြာ မည်မျှပင် ရှာဖွေစေကာမူ တွေ့ရှိရန် မဖြစ်နိုင်ပေ။ မင်းတို့၏ ဘုန်းကံ၊ တိုင်းပြည်၏ ဘုန်းကံ မင်္ဂလာရှိသော အကြောင်းတရားများ တိုက်ဆိုင်ညီညွတ်မှသာ ပေါ်ပေါက်လေ့ရှိသည်။

နန်းမှုနန်းရာအဆင်တန်ဆာနှင့် သိမှတ်ဖွယ်ရာများ ကျမ်းလာ ဆင်ကြန်များကို အနည်းငယ်ဖော်ပြလိုသည်။ ထိုဆင်ကြန်များသည်လည်း ပိဋကတ်ကျမ်းလာပင်ဖြစ်လေသည်။ **“အလုံးစုံဖြူသည်။ အဆင်းလှသည်။ ရှုဖွယ်ရှိသည်။ ကြည်ညိုဖွယ်ရှိသည်။ လက္ခဏာနှင့်ပြည့်စုံသည်ဖြစ်၏။ ဤသို့ ဘုရားလောင်းဆင်ဖြူတို့ကို ဆိုသောကြောင့် အလုံးစုံဖြူစင်၍ အဆင်းအရည်ရှုဖွယ်၊ ကြည်ညိုဖွယ်ရှိလျှင် ကောင်းမြတ်သော ကြန်အင်္ဂါလက္ခဏာနှင့် ပြည့်စုံသည်ဖြစ်သည်။ ဖြူစင်သောကြန်အင်္ဂါလက္ခဏာရှိမှု ကြွင်းသောကြန်အင်္ဂါလက္ခဏာမှာ ဆိုဖွယ်မရှိပြီဟု ဆိုသည်”** ဟုပါရှိသည်။ ဆိုလိုရင်းမှာ အလုံးစုံဖြူပါက ကျန်သောကြန်အင်္ဂါတို့ကို ဆိုဖွယ်ရာမရှိတော့ကြောင်း ဖော်ပြထားခြင်းဖြစ်ပေသည်။

ယခုရောက်ရှိလာသော ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီသည် ပေါ်ပေါက်ခဲ့သော ဆင်ဖြူတော်ရတနာလေးစီးတွင် အထူးခြားဆုံးဟု ဆိုနိုင်သည်။ ဆင်ဖြူတော်သည် ယခင်သုံးစီးထက် အသားအရေ ပိုမိုဖြူဆွတ်သည်။ ခြေသည်းများအားလုံးလည်းဖြူသည်။ သိမ်မွေ့သော လက္ခဏာလည်းရှိသည်။ စိတ်သဘောထားလည်း တည်ငြိမ်သည်ကို တွေ့ရသည်။ မျက်လုံးမှာ ပုလဲရောင်ဖြစ်ပြီး ကျောကုန်းသည်လည်း ငှက်ပျောကိုင်းသဏ္ဌာန် ကွေးညွတ်နေလေသည်။ သို့ဖြစ်၍ ကျမ်းဂန်လာ ဆင်ကြန်များနှင့်ပြည့်စုံရကား ဆင်ဖြူတော်ရတနာဖြစ်သည်မှာ ငြင်းဖွယ်ရာ အလျှင်းမရှိပါပေ။

ဂဇဘဒဆင်ကြန်ဂဇ္ဇုဂဇသျှတ္တရကျမ်း၊ ကျောက်ရဲဆရာတော်၏ ဂဇဝိနိစ္ဆယကျမ်း၊ လည်ပေါ်ဂဇဝိနိစ္ဆယကျမ်း၊ မောင်းထောင်ဆရာတော် ပြုစုသော ဆင်ဖြူတို့၏လက္ခဏာကျမ်း၊ မင်းကြီးမဟာဇေယျာသူ ပြုစုသော ယိုးဒယားဆင်ဖြူစာတမ်း စသည့်ကျမ်းပေါင်း ၁၅ကျမ်းတွင် ဆင်ဖြူတော်မျိုးနွယ်ဝင် ဆင်များ၏ကြန်အင်လက္ခဏာ အကျဉ်း ၆၄ပါး၊ အကျယ် ၃၀၅ပါးရှိကြောင်းတွေ့ရသည်။ အကျဉ်း ၆၄ပါးတွင် ဆင်ဦးခေါင်းနှင် မျက်နှာအင်္ဂါအစိတ်အပိုင်း လက္ခဏာပေါင်း ၃၅မျိုးရှိပြီး **ပတ်**ဟုခေါ်ကာ ဦးခေါင်းနောက်ပိုင်း အင်္ဂါအစိတ်အပိုင်းပေါင်း ၂၉မျိုးရှိက **ယတ်**ဟုခေါ်သည်။ ပိဋကတ်ကျမ်းလာ ဆင်ဖြူတော်ဆယ်ပါးရှိသည်။ မည်းမည်းမှောင်မှောင်၊ သရက်ရွက်နုစိမ်းပြာ၊ နီဝါသောသစ်ရွက်အရောင်၊ တစ်ခဲနက်အစိမ်းရောင်၊ ဝင်းဝင်းရွှေရွှေအဆင်း၊ ကြေးနီအဆင်း၊ နီလာရောင်ဘော်သားအရောင်၊ ငွေစင်အဆင်းရှိသောအရောင် စသည်ဖြင့် အရောင်တစ်မျိုးစီရှိကြသည်။

ဆင်ဖြူတော် ပေါ်ပေါက်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးစည်ပင်ခြင်
သာယာခြင်း၊ လက်ရှိအခြေအနေထက် တိုးတက်ဖွံ့ဖြိုးစည်ပင်ခြင်
ကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ် စသော ကပ်ကြီးသုံးပါးမှ
နိုင်ခြင်း စသည့် အတိတ်၊ နိမိတ်တို့ကို ဆောင်လေသည်။
ပေါ်ပေါက်ပိုင်ဆိုင်ခွင့်မရခဲ့သည့် မင်းများစွာရှိပြီး ဆင်ဖြူတော်ပို
မင်းများသည် အခြားမင်းများထက် ဘုန်းကံကြီးမားပြီး စိုးစံ
တစ်လျှောက်လုံးလည်း တိုင်းပြည်တွင် ခိုးသားရန်သူဘေးတို့မှ
မိုးလေဝသ မှန်ကန်ကောင်းမွန်၍ ဆန်ရေစပါး ပေါများကြွယ်
တိုင်းသူပြည်သားများလည်း စစ်မက်ကင်းဝေး၊ စီးပွားရေး
အလှူအတန်း ပွဲလမ်းသဘင်များနှင့် အလွန်ပင် စည်ပင်အေးချမ်း

ဤတွင် မည်းမည်းမှောင် အရောင်အပါအဝင် လုံးဝ အဖြူမဟုတ်သောအရောင်ရှိသည့် ဆင်များလည်းပါရှိသည်။ သို့ရာတွင် ဆင်ဖြူတော်၏ ကြန်အင်လက္ခဏာပြည့်စုံပါက တကယ်တမ်းအမြင်ပသာဒတွင် မဖြူသော်ငြား ဆင်ဖြူတော်ဟူ၍ပင် သတ်မှတ်ကြသည်။ ယခုဘဒ္ဒဝတီကား ကြန်အင် အားလုံးပြည့်စုံပြီး အဆင်းပါဖြူဆွတ်သဖြင့် ကြန်အင်လက္ခဏာပြည့်စုံသော ဆင်ဖြူတော်ရတနာဖြစ်ပြီး ကောင်းမြတ်သော နိမိတ်လက္ခဏာများကို ဆောင်လျက်ရှိနေသည်။

မြန်မာစာပေသမိုင်းတွင် ဆင်ဖြူတော်ဆိုင်ရာ ဆင်တော်ဘွဲ့ မော်ကွန်းများ၊ ပျို့များ၊ တျာချင်း၊ ကြိုး၊ သီချင်းများတွေ့ရသည်။ စာရေးသူ လေ့လာမိသမျှ ခေတ်အဆက်ဆက်ရေးသားခဲ့သော ဆင်ဖြူတော်ဆိုင်ရာ မော်ကွန်း ၁၃ခုတွေ့ရပြီး ရတုခြောက်ပုဒ်၊ လင်္ကာသုံးပုဒ် တွေ့ရှိရသည်။ မြန်မာ့မဟာဂီတတွင်လည်း ဆင်နှင့် ဆင်ဖြူတော်များအကြောင်း ရေးစပ်ထားသော ပြောင်ပြောင်နာဂိန်အစချီ ဆင်မင်းကြိုးနှင့် ဆဒ္ဒန်အိုင်အစချီသော သီချင်းခံတို့မှာ ထင်ရှားသည်။ ဤသို့ဖြင့် ဆင်ဖြူတော်သည် ထူးခြားလေးနက်လှသလို ဘုရင်နှင့်မင်းမှုထမ်းများ တိုင်းသူပြည်သားများက မည်မျှလေးစားမြတ်နိုး တန်ဖိုးထားကြောင်း ပျို့ကဗျာ၊ ရတုလင်္ကာများ
ပိဋကတ်ကျမ်းလာ ဆင်ဖြူတော်များတွင် ဆင်
သည်။ ကာဠာဝကဆင်၊ ဂင်္ဂေယဆင်၊ ပဏ္ဍ
ဂန္ဓဆင်၊ မင်္ဂလဆင်၊ ဟေမဆင်၊ ဥပေါသထ
ဖြစ်ပြီး ဆဒ္ဒန်အိုင်သာသီချင်းခံပါ ဘိုးတော်မင်
နာဂရာဇာမည်သော ဆင်ဖြူတော်သည်
လက္ခဏာများနှင့် ပြည့်စုံရကား ဘိုးတော်မ
ဆင်မင်းသခင်ဘွဲ့ ခံခဲ့လေသည်။ ဘိုးတော်ဘု
တိုင်းပြည်စည်ပင်ဝပြောလျက် အေးချမ်းသာယ
လည်း တောင့်တင်းလှသည်။ စာပေဂီတနှင့်
များလည်း ဖွံ့ဖြိုး၏။

**ဆင်ဖြူတော် ဘဒ္ဒဝတီပေါ်ပေါက်သော
ကြီး ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူ
တိုက်တိုက်ဆိုင်ဆိုင် ကြုံကြိုက်နေပေသည်
ပြည်သူအားလုံးအတွက် အတိတ်ကောင်း၊
တည်း။ ဆင်ဖြူတော်ဟူသည် ဗုဒ္ဓသာသန
ဘာသာ သာသနာကို လေးစားမြတ်နိုး ကိုး
တိုင်းပြည်အုပ်ချုပ်သူတို့ တရားနှင့်အညီ အုပ်
ပေါ်ထွန်းမြဲဖြစ်၏။ ၂၀၀၁ခုနှစ်မှ ယနေ့ထိ
ပေါ်ထွန်းခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံသည်
များနှင့် ညီညွတ်ပြည့်စုံနေသည်ကို သတိပြ
သည် ကဗျာဆရာတစ်ဦး မဟုတ်သော်ငြား
ပီပီ ရေးခေတ် ဆင်ဖြူတော်ဘွဲ့ မော်ကွန်း၊ ရ
များကဲ့သို့ စာ၊ ကဗျာ ရေးလိုသည့်ဆန္ဒ
ပေါ်ပေါက်လာခဲ့သည်။ သို့နှင့် ဘဒ္ဒဝတီဆင်
ထုတ်လွှင့်သည့် ၉-၈-၂၀၁၀ရက်နေ့ညက
ခဲ့သည်။ ထိုကဗျာအလင်္ကာတစ်ပိုဒ်ဖြင့် ခေ
အေးချမ်းသာယာသည့် ပြည်ထောင်စုမြန်မ
ဆက်လက်တည်တံ့ပါစေကြောင်း ဆုမွန်ကေ
သတည်း....။**

ဘဒ္ဒဝတီ၊ မြန်မာပြည့်
ခါမီပေါ်ထွန်း၊ နိမိတ်သွန်း
တင့်ရှန်းညီပေ၊ ကျက်သရေ
ခက်ဝေလင်းလင်း၊ တက်နေဝန်
တွင်းပရန်များ၊ ဝေးရှောင်ရှာ
စီးပွားကုန်သွယ်၊ ဖွံ့ဖြိုးကြွယ်
ဤနှယ်ဆက်ဆက်၊ စဉ်မပျက်အေ
တိုးတက်စေရာ၊ ရတနာတို့
တည်ရာနက်သန်၊ ဘူမိမှန်သည်
မြန်ပြည်ဝပြော စည်စေသော်....။

တန်ဖိုးထားကြောင်း ပျို့ကဗျာ၊ ရတုလင်္ကာများကြောင့် သိရပေသည်။

ပိဋကတ်ကျမ်းလာ ဆင်ဖြူတော်များတွင် ဆင်ဖြူတော်ဆယ်ပါး ရှိလေသည်။ ကာဠာဝကဆင်၊ ဂင်္ဂေယဆင်၊ ပဏ္ဍရ ဆင်၊ ပိင်္ဂလဆင်၊ ဂန္ဓဆင်၊ မင်္ဂလဆင်၊ ဟေမဆင်၊ ဥပေါသထဆင်၊ ဆဒ္ဒန်ဆင်ဟူ၍ ဖြစ်ပြီး ဆဒ္ဒန်အိုင်သာသီချင်းခံပါ ဘိုးတော်မင်းတရား၏ **နိဗ္ဗာနပစ္စယနာဂရာဇာ**မည်သော ဆင်ဖြူတော်သည် ဆဒ္ဒန်ဆင်၏ ကြန်အင်လက္ခဏာများနှင့် ပြည့်စုံရကား ဘိုးတော်မင်းတရားလည်း ဆဒ္ဒန်ဆင်မင်းသခင်ဘွဲ့ ခံခဲ့လေသည်။ ဘိုးတော်ဘုရား၏ လက်ထက်တွင် တိုင်းပြည်စည်ပင်ဝပြောလျက် အေးချမ်းသာယာလှသည်။ စစ်အင်အားလည်း တောင့်တင်းလှသည်။ စာပေဂီတနှင့် လောကီအတတ်ပညာများလည်း ဖွံ့ဖြိုး၏။

ဆင်ဖြူတော် ဘဒ္ဒဝတီပေါ်ပေါက်သောအချိန်သည် နိုင်ငံတော်ကြီး ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရေးကာလနှင့် တိုက်တိုက်ဆိုင်ဆိုင် ကြုံကြိုက်နေပေသည်။ နိုင်ငံတော်အတွက်၊ ပြည်သူအားလုံးအတွက် အတိတ်ကောင်း၊ နိမိတ်ကောင်းများပင်တည်း။ ဆင်ဖြူတော်ဟူသည် ဗုဒ္ဓသာသနာ ထွန်းကားရာအရပ်၊ ဘာသာ သာသနာကို လေးစားမြတ်နိုး ကိုးကွယ်သူတို့ရှိရာအရပ်၊ တိုင်းပြည်အုပ်ချုပ်သူတို့ တရားနှင့်အညီ အုပ်ချုပ်သောအရပ်တို့၌သာ ပေါ်ထွန်းမြဲဖြစ်၏။ ၂၀၀၁ခုနှစ်မှ ယနေ့ထိ ဆင်ဖြူတော်လေးစီးမျှ ပေါ်ထွန်းခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံသည်လည်း အဆိုပါအင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံနေသည်ကို သတိပြုမိပေသည်။ စာရေးသူသည် ကဗျာဆရာတစ်ဦး မဟုတ်သော်ငြား ကဗျာကို ချစ်မြတ်နိုးသူပီပီ ရှေးခေတ် ဆင်ဖြူတော်ဘွဲ့ မော်ကွန်း၊ ရတု၊ ရကန်၊ တေးသီချင်းများကဲ့သို့ စာ၊ ကဗျာ ရေးလိုသည့်ဆန္ဒများလည်း တဖွားဖွား ပေါ်ပေါက်လာခဲ့သည်။ သို့နှင့် ဘဒ္ဒဝတီဆင်ဖြူတော်ရတနာသတင်း

ဖြင့် နိုင်ငံတော်ဖွံ့ဖြိုးစည်ပင်ခြင်း၊ ငြိမ်းချမ်း
ထက် တိုးတက်ဖွံ့ဖြိုးစည်ပင်ခြင်း၊ သတ္တန္တရ
ပ် စသော ကပ်ကြီးသုံးပါးမှ ကင်းလွတ်
တ်တို့ကို ဆောင်လေသည်။ ဆင်ဖြူတော်
မင်းများစွာရှိပြီး ဆင်ဖြူတော်ပိုင်ဆိုင်သည့်
က် ဘုန်းကံကြီးမားပြီး စိုးစံသည့်ကာလ
တွင် ခိုးသားရန်သူဘေးတို့မှ ကင်းဝေးကာ
ဆန်ရေစပါး ပေါများကြွယ်ဝခဲ့ကြသည်။
မက်ကင်းဝေး၊ စီးပွားရေး ကောင်းမွန်ကာ
င့် အလွန်ပင် စည်ပင်အေးချမ်းခဲ့လေသည်။

ထုတ်လွှင့်သည့် ၉-၈-၂၀၁၀ရက်နေ့ညက ကဗျာတစ်ပိုဒ်ရေးဖွဲ့ဖြစ်ခဲ့သည်။ ထိုကဗျာအလင်္ကာတစ်ပိုဒ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော အေးချမ်းသာယာသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအဖြစ် ဆက်လက်တည်တံ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသတည်း....။

ဘဒ္ဒဝတီ၊ မြန်မာပြည့်၌
ခါမီပေါ်ထွန်း၊ နိမိတ်သွန်းလျက်
တင့်ရွှန်းညီပေ၊ ကျက်သရေလည်း
ခက်ဝေလင်းလင်း၊ တက်နေဝန်းသို့
တွင်းပရန်များ၊ ဝေးရှောင်ရှား၍
စီးပွားကုန်သွယ်၊ ဖွံ့ဖြိုးကြွယ်သား
ဤနှယ်ဆက်ဆက်၊ စဉ်မပျက်အောင်
တိုးတက်စေရာ၊ ရတနာတို့
တည်ရာနက်သန်၊ ဘူမိမှန်သည်
မြန်ပြည်ဝပြော စည်စေသော်....။ ။

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း
လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၃ရက် ညနေပိုင်းက မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်ခန်းမ၌ ကျင်းပရာ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် တပ်မတော်အရာရှိများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တပ်မတော်(လေ)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် မြို့တော်စည်ပင်တို့မှ ဒိုင်လူကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းတို့မှ အုပ်ချုပ်သူနှင့် အားကစားသမားများ၊ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ တက်ရောက်အားပေးကြသည်။

ကြည့်ရှုအားပေး

အစီအစဉ်အရ တက်ရောက်လာကြသူများက လက်ဝှေ့ပြိုင်ပွဲ သတ်မှတ်ဝိတ်တန်းအလိုက် ဗိုလ်လုပွဲ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ သတ်မှတ်ဝိတ်တန်းအလိုက် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ကြပြီး တံခွန်စိုက်ဒိုင်းဆုရ အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူးက တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၁၀ရက်က ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဝေါမြို့နယ် ဧကရာဇ်ကျေးရွာအုပ်စု တောင်သူတစ်ဦး၏ မိုးစပါးစိုက်ခင်း၌ တောင်သူများ ဓာတ်မြေသြဇာ ကြဲပက်နေမှုနှင့် ပေါင်းလိုက်တမန်းနှိုး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ် (လေ) ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးက ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

○ **ရှေ့ဖုံးမှ**

ရှင်းလင်းဆောင်၍ တာဝန်ရှိသူတစ်ဦးက မိုးစပါးလျာထားချက်ပြည့်မီရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် မိုးစပါးစိုက်ကွင်း၌ တောင်သူများစုပေါင်း ဓာတ်မြေသြဇာ ကြဲပက်နေမှုနှင့် မိုးစပါး ရှင်သန်ဖြစ်ထွန်းနေမှုအခြေအနေတို့ကို ကြည့်ရှုအားပေးကာ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ညောင်လေးပင်မြို့နယ် ရှမ်းရွာကျေးရွာ တောင်သူတစ်ဦး၏ မိုးစပါးစိုက်ကွင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၂)က တာဝန်ယူ တည်ဆောက်လျက်ရှိသော နတ်သံကွင်းတံတား (စစ်တောင်း) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီးက ပင်မတံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မှာကြား

ထို့နောက် တံတားစီမံကိန်း လုပ်ငန်းခွင်၌ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥတုရာသီ တောကိုမှီ၏

ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး
တိုက်ကြီးနှင့် မော်ဘီမြို့နယ်တို့၌ ဟောပြောဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောဆွေးနွေးပွဲများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်နှင့် မော်ဘီမြို့နယ်တို့၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောဆွေးနွေးပွဲကို တိုက်ကြီးမြို့နယ် သရက်ချောင်းစံပြကျေးရွာ၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆွေးနွေးမေးမြန်း

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင် ဦးကျော်ဝင်း (မနုဿကျော်ဝင်း)က လောကအလင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြရာ ဒေသခံ စာပေ ဝါသနာရှင်များက သိလိုသည်များကို ပြန်လည်ဆွေးနွေး မေးမြန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)က တိုက်ကြီးမြို့နယ်အတွင်း ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက တိုက်ကြီးမြို့နယ် သရက်ချောင်းစံပြကျေးရွာရှိ ပညာရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အခမ်းအနားကို မော်ဘီမြို့နယ် ကုလားကုန်းကျေးရွာ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဟောပြော

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင် ဦးချစ်နိုင် (ချစ်နိုင် - စိတ်ပညာ) **(အပေါ်ပုံ)**က စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာချစ်စံဝင်းက ကျေးလက်နှင့်စာပေ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြရာ ဒေသခံ စာပေ ဝါသနာရှင်များက သိလိုသည်များကို ပြန်လည်ဆွေးနွေး မေးမြန်းကြသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကိုယ်စား ဒုတိယဥက္ကဋ္ဌ (၂) ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)နှင့် အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်) တို့က မော်ဘီမြို့နယ်အတွင်း ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များနှင့် မော်ဘီမြို့နယ် ကုလားကုန်းကျေးရွာရှိ ရွှေပြည်သစ် စာကြည့်တိုက်တို့အတွက် စာအုပ်စာစောင်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ယနေ့အခမ်းအနားတွင် စာပေတိုက်နှင့် ဂျာနယ်တိုက် အသီးသီးကလည်း ငွေကျပ် ၁၂သိန်းခန့်တန်ဖိုးရှိ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နိုင်ငံတကာ ဖောင်ပိတ်သတင်း

မြင့်မောင်စိုး - စုစည်းရေးသားသည်

စီချွမ်ပြည်နယ်၌ ရေကြီးမြေပြို ၃၈ ဦး ပျောက်ဆုံးနေပြီး ၄၀၀၀ခန့်ပိတ်မိ

စီချွမ် ဩဂုတ် ၁၄

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ဝမ်ချွမ်ဒေသ၌ ဩဂုတ် ၁၄ရက် နံနက်စောစောပိုင်းက မိုးသည်းထန်စွာရွာပြီး ရုတ်တရက် ရေကြီးကာ မြေပြိုမှုများ ဖြစ်ပွားခဲ့သဖြင့် အနည်းဆုံး ၃၈ဦး ပျောက်ဆုံးနေကြောင်း၊ ၄၀၀၀ခန့် ပိတ်မိနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အင်အားပြင်းငလျင်လှုပ်

တရုတ်နိုင်ငံတွင် ၂၀၀၈ခုနှစ် မေ ၁၂ရက်က အင်အားပြင်းငလျင်လှုပ်၍ လူ ၇၀၀၀၀ သေဆုံးခဲ့ရသည့် စီချွမ်ပြည်နယ် ဝမ်ချွမ်ဒေသရှိ မြို့အချို့တွင် ရေကြီးမြေပြိုမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုသို့ ရေကြီးမြေပြိုမှုများကြောင့် ဒေသရှိ လူပေါင်း ၄၀၀၀နှင့် မော်တော်ယာဉ် ၁၃၀၀ ခန့်တို့ လမ်းမများပေါ်တွင် ပိတ်မိနေကြောင်း၊ လူ ၁၀၀၀၀ခန့် ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။ *(အင်တာနက်)*

● ရှေ့ဖုံးမှ

ချဉ်းကပ်လမ်းအပါအဝင် အရှည်ပေ ၅၄၀ရှိသည်။ ချဉ်းကပ်လမ်းအကျယ်မှာ ပေ၂၀ ဖြစ်ပြီး ပင်မကြိုးတံတား အကျယ်မှာ ၁၄ပေ၊ ဖလက်မဖြစ်သည်။ ယာဉ်တစ်စီးချင်း ဖြတ်သန်းသွားလာရသော တစ်လမ်းသွားဖြစ်၏။ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန်မှာ ၃၆တန်ဖြစ်သည်။ မုန်းချောင်း၏ ရေလမ်းကင်းလွတ်အမြင့် ၂၄ပေရှိကာ ကင်းလွတ်အကျယ်မှာ ပေ၃၀၀ရှိသည်။ ချဉ်းကပ်လမ်းနှစ်ဖက်အပါအဝင် တည်ဆောက် ကုန်ကျစရိတ်တန်ဖိုးမှာ ခန့်မှန်းငွေကျပ် သန်း ၁၉၅၀ဖြစ်သည်ဟု သိရသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တည်ဆောက်ကာ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂ရက်က ဖွင့်လှစ်ပေးခဲ့သည်။

သွားလာနေ

ယခင်တံတားမရှိခင်က မုန်းချောင်း၏ မြောက်ဘက်ရှိ မဲဇလီကျေးရွာနှင့် တောင်ဘက်ရှိ ဆည်တော်ရွာတို့တွင် ဖောင်ဆိပ်ကမ်းများပြုလုပ်ကာ ကူးတို့ဖောင်ဖြင့် ခက်ခက်ခဲခဲ သွားလာနေခဲ့ရသည်။

အထူးသဖြင့် မိုးရာသီကာလတွင် ကျောင်းသားကျောင်းသူများ ကျောင်းတက်သွားရခြင်းနှင့် ဒေသခံပြည်သူများ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များတွင် ပိုမိုအခက်အခဲရှိခဲ့သည်။

မြန်ဆန်သွက်လက်

ယခုအခါ မဲဇလီတံတား တည်ဆောက်ပေးခဲ့မှုကြောင့် ဒေသခံများ ရောင်းရေးဝယ်တာမှအစ သွားလာမှုလွယ်ကူသည့်အပြင် ပုသိမ်-မုံရွာ မဟာဗျူဟာလမ်းမကြီး ဆက်စပ်မိ၍ ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်သွက်လက်လာပြီဖြစ်သည်။

ကြိုးတံတားတည်ဆောက်

ယခင်က လှေငယ်များ၊ ဖောင်များဖြင့် ခက်ခက်ခဲခဲ ဖြတ်ကူးရသော မုန်းချောင်းကို ဖြတ်ကျော်နိုင်ရန် မဲဇလီကြိုးတံတားကို တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်။

မဲဇလီတံတားနှင့်အတူ မဲဇလီရေလွှဲဆည်ကြီးကလည်း ကပ်လျက်တည်ရှိနေသည်။ ချင်းပြည်နယ်တောင်တန်းများမှ စတင်စီးဆင်းလာခဲ့သော မုန်းချောင်းရေများသည် ရေအားလျှပ်စစ်စက်ရုံများ အဆင့်ဆင့်ကို ဖြတ်ကျော်စီးဆင်းခဲ့ပြီး ယခုမဲဇလီ ရေလွှဲဆည်ကြီးမှ ထိန်းသိမ်းကာ တောင်မုန်း မြောင်းမကြီး၊ မြောက်မုန်း မြောင်းမကြီးနှစ်ခုခွဲထွက်စီးဆင်းခဲ့သည်။ တူးမြောင်းမကြီးနှစ်ခု၏ အလျားသည် ၂၂၂ ဒသမ ၅၂ မိုင်ရှည်လျားပြီး လယ်မြေဧက ၉၆၇၇၇ကို စိုက်ပျိုးရေပေးဝေလျက်ရှိနေသည်။ ၁၉၁၀ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့၍ တည်ဆောက်ထားသည်မှာ နှစ်ပေါင်း ၁၀၀ခန့်ရှိနေပြီဖြစ်သော်လည်း ဆည်မြောင်းဦးစီးဌာနက ထိန်းသိမ်းပြုပြင်ထားမှုကြောင့် ယနေ့တိုင် လယ်မြေများသို့ စိုက်ပျိုးရေများ ပို့လွှတ်အကျိုးပြုနေခြင်းဖြစ်သည်။

အကြီးစားရေလွှဲဆည်

မဲဇလီရေလွှဲဆည်သည် ကွန်ကရစ်ကျောက်ပန်းရန် အမျိုးအစားဖြစ်ပြီး ဆည်အလျား ပေ၃၈၀၊ ဆည်အမြင့် ၉ပေ ရှိသည်။ ဆည်ထိပ်အမြင့်မှာ R.L ၂၀၀ ဒသမ ၈ပေ

မဲဇလီရေလွှဲဆည်

ဒေသဝန်းကျင်ရှိ စိုက်ခင်းများကို စိုက်ပျိုးရေ ပေးဝေလျက်ရှိသည့် မဲဇလီရေလွှဲဆည်ကို ဤသို့ တွေ့ရသည်။

ရှိသည်။ ရေထိန်းတံခါး ၅ပေ ၉လက်မ ခုနစ်ပေါက်ပါရှိပြီး ရေထိန်းတံခါး အောက်ခြေ အမြင့်သည် R.L ၁၉၆ ဒသမ ၈ပေရှိရာ အကြီးစားရေလွှဲဆည် အမျိုးအစားဖြစ်သည်။

ရောင်ပြန်ထင်ဟပ်

သို့ဖြစ်ရာ မဲဇလီတံတားနှင့် မဲဇလီရေလွှဲဆည်တို့၏ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စေရေး၊ လမ်းပန်းဆက်သွယ်မှု၊ သွားလာမှု လွယ်ကူချောမွေ့စေရေးနှင့် စိုက်ပျိုးရေအလုံအလောက်ရရှိရေး အကျိုးဖြစ်ထွန်းမှုပုံရိပ်များသည် နိုင်ငံတော်၏ မေတ္တာ၊ စေတနာတို့ကို ရောင်ပြန်ထင်ဟပ်နေခြင်းပင်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။ **(မြန်မာ့အလင်း)**

Tharaphee Laminate ကြမ်းခင်းပြားပြခန်း Yangon Expo 2010 ပြပွဲတွင် ပါဝင်ပြသ

ရန်ကုန် ဩဂုတ် ၁၄

Smart Business Group က ကြီးမှူး၍ Yangon Expo 2010 ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဩဂုတ် ၁၂ရက်မှ ၁၅ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ Tharaphee Laminate ကြမ်းခင်းပြားပြခန်းလည်း ပါဝင်ပြသလျက်ရှိသည်။

အဆိုပါပြခန်းတွင် ပါကေးအစားထိုး Laminate Floor ခင်းခြင်းဖြင့် ကုန်ကျစရိတ်သက်သာ၍ ရေရှည်အသုံးပြုနိုင်သည်။ Laminate Floor ခင်းခြင်းသည် အခြား Hard Wood Floor ခင်းခြင်းထက် ကုန်ကျစရိတ် သုံးပုံနှစ်ပုံသက်သာပြီး သေချာစွာထိန်းသိမ်းပါက နှစ်ပေါင်းများစွာ ခံနိုင်ရည်ရှိသည်။ ထို့အပြင် UV ဒဏ်ခံနိုင်၍ ခရမ်းလွန်ရောင်ခြည်ဒဏ်မှ ကာကွယ်ပေးပြီး နေရောင်ခြည်ကြောင့် Laminate Floor များ အရောင်လွင့်မသွားကြောင်း၊ တပ်ဆင်ရလွယ်ကူပြီး Laminate Floor ခင်းရာတွင် ကော်နှင့် သံမလိုကြောင်း သိရသည်။

ရွေးချယ်နိုင်

ခံနိုင်ရည်ရှိမှုအတွက် နှစ်ရှည် အာမခံရရှိနိုင်ခြင်း၊ ပြုပြင်ရလွယ်ကူခြင်း၊ အစားထိုးလွယ်ကူခြင်း၊ သန့်ရှင်းရေး ပြုလုပ်ရာတွင် လွယ်ကူခြင်း၊ ကျုံ့ကြွမှု မရှိခြင်း၊ အသံလုံခြင်း၊ မိမိကြိုက်နှစ်သက်ရာ Design ကို ရွေးချယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်သည်။

ရောင်းချပေး

8.3 mm နှင့် 12 mm Laminate Floor များကို ၁၅နှစ် အာမခံဖြင့် ရောင်းချလျက်ရှိပြီး A Grade တစ်မျိုးတည်းကိုသာ တင်သွင်းဖြန့်ချိရောင်းချလျက်ရှိကြောင်း၊ ထို့အပြင် အချိန်ကုန်၊ ငွေကုန် ကျသက်သာစေခြင်း၊ ကြိုက်နှစ်သက်ရာ Color ကို ရွေးချယ်ရောစပ်အသုံးပြုနိုင်ခြင်း၊ Polish တင်စရာမလိုခြင်း၊ မီးအပူဒဏ်ခံနိုင်ခြင်း၊ ခြမစားနိုင်ခြင်း၊ အစွန်းအထင်းဒဏ်ခံနိုင်ခြင်း၊ ပေါ့ပါးသေသပ်ခိုင်ခံ့ခြင်း၊ အသုံးပြုရ လွယ်ကူခြင်း၊ ပြုပြင်အစားထိုးရလွယ်ကူခြင်း စသည့် အကျိုးကျေးဇူးများဖြင့် ပြည့်စုံသော Particl Board Kitchen Cabinets များကို ပွဲတော်ရက်အတွင်း အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဆက်သွယ်မှာယူ

ဆိုင်ခန်းအမှတ်(၃၊ ၄၊ ၅) သိပ္ပံနှင့်နည်းပညာဦးစီးဌာနဆိုင်ခန်း သစ္စာလမ်းမ ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁-၁၅၅၃၀၊ ၀၉-၅၀-၃၄၆၁၄ နှင့် ၇၃၀-၅၄၄၉၈တို့တွင် ဆက်သွယ်မှာယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဇူလိုင် ၃ရက်က မူဆယ်မြို့ ကောင်းမှုတံရပ်ကွက် ငွေဆင်အိမ်ရာ လမ်းဘေးဝဲယာတွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် ချုံနွယ်မြက်ပင်များ ရှင်းလင်းခြင်း၊ ရေမြောင်းများအတွင်း အမှိုက်များရှင်းလင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်း ဦးဆောင်၍ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပူးပေါင်း ဆောင်ရွက်နေမှုကို မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမင်းဇော် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ မောက်မယ်၌ ကျင်းပ

မောက်မယ် ဩဂုတ် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဇူလိုင် ၃၀ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအတွက် ကျွန်းပျိုးပင်များပေးအပ်ပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသက်ဦးဆွေနှင့် အဖွဲ့ဝင်များက ရပ်ကွက်နှင့် ကျေးရွာဥက္ကဋ္ဌများထံ ကျွန်းပျိုးပင်များ ပေးအပ်သည်။

စိုက်ပျိုး

ဆက်လက်၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို စိုက်ကွက်များ၌ ကျင်းပရာ

မြို့နယ်ဥက္ကဋ္ဌ ဦးသက်ဦးဆွေ၊ မြို့နယ်သစ်တောတာဝန်ခံ ဦးဇော်မင်းအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကျွန်းပင်ပေါင်း ၆၀၀ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (၂၀၁)

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေး မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်မှု အခမ်းအနားကို ရွှေဘိုမြို့ ဆိုင်အမှတ် - SGG 09 ST OIL အရောင်းဆိုင်၌ ဇူလိုင် ၃၀ရက်က ကျင်းပရာ ရွှေဘိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဦးသန်းထွန်း၊ အဖွဲ့ဝင် ဒုတိယရဲမှူးမျိုးအောင်၊ မီးသတ်ဦးစီးအရာရှိ ဦးဝင်းမောင်နှင့် တပ်ဖွဲ့ဝင်များ၊ စက်သုံးဆီအရောင်းဆိုင် ကိုယ်စားလှယ်များနှင့် ဆိုင်တာဝန်ခံ ဦးကျော်ဇင်သိန်းနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး ဓာတုဗေဒ ပေါင်ဒါမှုန့်ဖြင့် လက်တွေ့သရုပ်ပြသစဉ်။ (ခရိုင် ပြန်/ဆက်)

■ *ကျော့ဖုံးမှ*

တို့ပွဲမှာ အမေ့သားက စတုတ္ထအချီအထိ သူတင်ကိုယ်တင် ထိုးနိုင်ခဲ့တာကြောင့် အမှတ်နဲ့ ဆုံးဖြတ်ရတော့မလို ဖြစ်ခဲ့ပေမယ့် ပဥ္စမအချီ ၁ မိနစ် ၃၃ စက္ကန့်မှာ သတ္တိအောင်ရဲ့ ပြင်းထန်တဲ့ အောက်ခြေပိုင်း ကန်ချက်မိပြီး အမေ့သား ညာခြေ မထောက်နိုင်ဘဲ ရှုံးပွဲကြုံသွားပါတယ်။ ဖယ်သာဝိတ်တန်း ဒုတိယပွဲစဉ်ဖြစ်တဲ့ သပြေညို (ဘိလပ်မြေစက်ရုံ)နဲ့ သားသား(T & T)တို့ တွဲဆိုင်းက ၂၀၀၉ ရွှေခါးပတ်ချန်ပီယံမှာ ရာဇဝင်ကြွေးရှိထားတဲ့ တွဲဆိုင်းပါ။ အဲဒီတုန်းက ဘင်တန်ဝိတ်တန်းမှာ သပြေညိုရဲ့ အောက်ပိုင်းဖြတ်ကန်ချက်တွေကြောင့် သားသားတဗုန်းဗုန်းလဲရာက ရှုံးပွဲကြုံသွားပါတယ်။ ဒီပွဲမှာတော့ သားသားက ငါးချီလုံး ဦးဆောင် တိုက်စစ်ဆင်ပါတယ်။ စတုတ္ထအချီမှာ သူ့ရဲ့ ညာပင့်ဒူးကြောင့် သပြေညိုအမှတ်စဉ်အရေ ခံရပါသေးတယ်။ ဒါပေမယ့် သပြေညို က လည်စင်းခံတာမျိုးတော့ မဟုတ်ဘဲ အသည်းချင်းပြန်ပေါက်တာကြောင့် ပရိသတ်တွေ လက်ခုပ်မတီးဘဲ မနေနိုင်တဲ့ ပွဲဖြစ်သွားပါတယ်။ သပြေညိုရဲ့ ဘယ်တံတောင်က စတုတ္ထအချီမှာပဲ သားသားရဲ့ နဖူးကိုကွဲစေပြီး ဆေးစစ်မှုခံယူစေပါသေးတယ်။ ကြိုးဝိုင်းဆရာဝန် ခွင့်ပြုချက်နဲ့ ဆက်ထိုးတဲ့ ပဥ္စမအချီ တစ်ချီလုံးဟာ တံတောင်ချင်းယှက်ပြီး ငှက်တောင်ပံခတ်သလို တဖျပ်ဖျပ် ရိုက်ကြတာကြောင့် ပရိသတ်တွေကို ရင်ဖိုစေပါတယ်။ အချီပြည့်လို့အမှတ်နဲ့ ဆုံးဖြတ်တဲ့အခါ သားသားကို အမှတ်ပေး ဒိုင်ငါးဦးစလုံးက အနိုင်ပေးလိုက်ပါတယ်။

နှစ်ဆင့်ကန်

လိုက်ဝယ်လ်တာ (၆၃ဒသမ၅)ကီလိုဝိတ်တန်း ကွာတားဖိုင်နယ်ပွဲစဉ်တွေမှာ ရန်ဆက်နိုင် (တောင်ကလေး)က ကျော်ထင် (တိုက်ဂါး)ကို ပထမအချီ ၂ မိနစ် ၁၁ စက္ကန့်မှာ ညာနံဘေးကို ဘယ်ပတ်ခြေနှစ်ဆင့်ကန်ပြီး ပွဲသိမ်းလိုက်သလို ရွှေသိန်းအောင် (ဖလုံပညာတဝေါင့်)က စောရောဘတ် (T&T)ကို ပထမအချီ ၁ မိနစ် ၁၅ စက္ကန့်မှာ အရှိုက်ကို ဘယ်ပတ်ခြေကန်ပြီး ပွဲသိမ်းလိုက်ပါတယ်။

လိုက်ဝယ်လ်တာဝိတ်တန်းပြိုင်ပွဲတွင် အောင်ဇေယျ(ဘိလပ်မြေစက်ရုံ) ဘယ်ခြေကန်ချက်က မြလင်းအောင် (ရွှေကုက္ကို) ၏ ခေါင်းကို ဤသို့ထိမိထားသည်။

လက်ရှိ ရွှေခါးပတ်ချန်ပီယံအောင်ဇေယျ (ဘိလပ်မြေစက်ရုံ)က မြလင်းအောင် (ရွှေကုက္ကို)ကို ကြိုးဝိုင်းသမ္ဘာ၊ လက်သီးပါဝါတွေသုံးပြီး အလွယ်တကူအနိုင်ယူလိမ့်မယ်လို့ထင်ထားပေမယ့် မြလင်းအောင်က အမှတ်စဉ် နှစ်ကြိမ် အရေခံရအောင် ဖြစ်ခဲ့တဲ့ကြားက အောင်ဇေယျကို အမှတ်စဉ် တစ်ကြိမ် အရေခံရအောင် ပြန်ထိုးပြီး ငါးချီ ပြည့်အောင် ယှဉ်ခဲ့ပါတယ်။ အမှတ်နဲ့ ဆုံးဖြတ်တဲ့အခါ အောင်ဇေယျက ၃-၂နဲ့ အနိုင်ရရှိသွားပါတယ်။

ဝယ်တာလ်ဝိတ် (၆၇ကီလို)တန်းမှာ ရွှေမင်းရာဇာ (တောင်ကလေး)က ဗသုန်ဗန်စက် (မြန်မာပြည်သား)ကို ပထမအချီ ၅၃ စက္ကန့်နဲ့ပဲ ပွဲသိမ်းလိုက်ပြီး စောရန်ပိုင် (ဘိလပ်မြေစက်ရုံ)ရဲ့ တံတောင် ရိုက်ချက်တွေ၊ ညာပိုက်အရှည်ဆွဲချက်တွေကို မခံနိုင်ဘဲ မြလေးနွယ် (ဖလုံ ပညာတဝေါင့်)ဟာ ဒုတိယအချီအပြီးမှာ အရှုံးပေးသွားပါတယ်။ ဝါရင့် လက်ဝှေ့သမား ကျန်စစ်အောင် (မြို့တော်စည်ပင်)ကို လုံးချောလေး (ရက္ခဗျာလ)က ငါးချီ အရောက်မှာ ငယ်ဂုဏ်ပြပြီး လက်ကုန်တင် ရန်းတာကြောင့် ပွဲအပြီးမှာ အမှတ်ပေးဒိုင် လေးဦးက လုံးချောလေးကို အနိုင်ပေးလိုက်ပါတယ်။

ယှဉ်ပြိုင်ထိုးသတ်

ဒီနေ့ ဩဂုတ် ၁၅ရက်မှာ ကွာတားဖိုင်နယ်ပွဲစဉ်တွေအပြင် ဝင်းထွန်း (လယ်/ဆည်)နဲ့ ဝါးရင်း တုတ်ဖိုးကေ (မန္တလေး)တို့ရဲ့ အထူး စိန်ခေါ်ပွဲပါဝင်ပြီး ပွဲစဉ်ပေါင်း ခုနစ်ပွဲ ယှဉ်ပြိုင်ထိုးသတ်သွားမှာဖြစ်ပါတယ်။ လိုက်ဖလိုင်း ဝိတ်တန်းကွာတားဖိုင်နယ်မှာ အောင်စစ်မင်း (မျိုးဆက်သစ်)နဲ့ နေစိုးအောင် (ဖလုံပညာတဝေါင့်)၊ သားကချင်(ဘိလပ်မြေစက်ရုံ)နဲ့ လက်ရှိ ရွှေခါးပတ်ချန်ပီယံ မိုးသီး (တောင်ကလေး)၊ ဖလိုင်းဝိတ်တန်း ကွာတားဖိုင်နယ်မှာ ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ ရွှေကျည်ဆံ (ဘိလပ်မြေစက်ရုံ)နဲ့ ခိုင်လင်းဦး (တောင်ကလေး)၊ လိုက်ဝိတ်တန်း ကွာတားဖိုင်နယ်မှာ ကိုဦးလေး (မိုးမင်းမောင်)နဲ့ ဟိန်းညီညီ (အလင်းရောင်)၊ ၂၀၁၀ ဒဂုံရွှေအောင်လံ ဆုရှင် စိုးလင်းဦး(တောင်ကလေး) နဲ့ ၂၀၀၇ ဘင်တန်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ ဒေါနအောင်(မြို့တော်စည်ပင်)၊ စောဖိုးချစ် (အဖြူရောင်သွေးသစ်)နဲ့ ဘိလပ်မြေမောင်မောင် (ဘိလပ်မြေစက်ရုံ)တို့က ဆီမီးဖိုင်နယ် တက်ရောက်နိုင်ရေး အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ကြမှာ ဖြစ်ပါတယ်။ ။ **(မြန်မာ့အလင်း)**

တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၁၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၁၅ရက် ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့အလင်း ဖောင်ပိတ်အားကစားသတင်း

ပရီမီယာလိဂ်ကန့်လန့်ကာအဖွင့်

ဘလက်ပူးလ် ဝီဂန်ကို ဂိုးပြတ်နိုင်

မြင့်မောင်စိုး - စုစည်းသည်

လန်ဒန် ဩဂုတ် ၁၄

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကန့်လန့်ကာအဖွင့်ကို ဩဂုတ် ၁၄ရက် ညနေပိုင်းက စပါးအသင်းနှင့် မန်စီးတီးအသင်းတို့၏ ယှဉ်ပြိုင်မှုဖြင့် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ယခုနှစ်တွင် ပေါင်သန်း၁၀၀ကျော်အကုန်အကျခံ၍ ကစားသမားအသစ်ငါးဦး ခေါ်ယူခဲ့သောမန်စီးတီးအသင်းက စပါးအသင်း၏ ဝှိုက်ဟတ်လိမ်းအားကစားကွင်းသို့ သွားရောက်ကစားခဲ့သည်။

ကာကွယ်နိုင်

ပွဲစသည်နှင့် တစ်ဖက်နှင့်တစ်ဖက် အနိုင်ဂိုးသွင်းနိုင်ရေး အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့သည်။ ပြိုင်ပွဲတွင်မန်စီးတီးဂိုးသမား ဂျိုဟတ် လက်စွမ်းပြကာကွယ်သွားနိုင်၍ စပါး၏အနိုင်ကစားမှုကို ကာကွယ်လိုက်နိုင်သည်။

ဂိုးမရ

နည်းပြမန်စီနီသည် မန်စီးတီးအသင်းအနိုင်ရရှိရေး အဓိကကစားသမားများဖြစ်ကြသည့် တီဗက်ဇ်၊ ယာယာတိုရေး၊ ကိုလိုတိုရေး၊ ဒေးဗစ်ဆေးလ်ဗား၊ ဂါးရက်ဘာရီ အစရှိသော ကစားသမားများဖြင့် ပွဲထွက်ကစားခဲ့သော်လည်း ဂိုးပေါက်ဖန်တီးနိုင်မှုနှင့် တိုက်စစ်အား အနည်းငယ်အားလျော့ခဲ့၍ မန်စီးတီးတို့ ဂိုးမရခဲ့ပေ။

သရေပွဲ

ပြိုင်ပွဲတွင် မန်စီးတီးဂိုးသမား ဂျိုဟတ် လက်စွမ်းပြ ကာကွယ်ပေးနိုင်ခဲ့ ၍ စပါးအသင်း၏ ဂိုးသွင်းယူမှုကို ဟန့်တားပေးနိုင်ခဲ့သည်။ အထူးသဖြင့်

မန်စီးတီးဂိုးသမား ဂျိုဟတ်၏ပုတ်ထုတ်ကာကွယ်မှုကို ဤသို့တွေ့ရသည်။
(အင်တာနက် ဓာတ်ပုံ)

စပါးတိုက်စစ်မှူး ဒီဖိုး၊ ဟတ်ဒယ်စတုန်း၊ အီကော့တိုတို့၏ အပိုင်ဂိုးသွင်းယူမှုများကို မန်စီးတီးဂိုးသမား ဂျိုဟတ်က ကာကွယ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲပြီးသည်အထိ အကြိတ်အနယ် ကစားခဲ့သော်လည်း ဂိုးမရှိ သရေပွဲဖြင့် ပွဲသိမ်းခဲ့သည်။

အခြားပွဲရလဒ်များ

အက်စ်တွန်ဗီလာ	၃ - ၀	ဝက်စ်ဟမ်း
ဘလက်ဘန်း	၁ - ၀	အဲဗာတန်
ဘော်လ်တန်	၀ - ၀	ဖူလ်ဟမ်
ဆန်းဒါးလန်း	၂ - ၂	ဘာမင်ဂမ်
ဝီဂန်	၀ - ၄	ဘလက်ပူးလ်
ဝူလ်ဗာဟမ်တန်	၂ - ၁	စတုတ်

အင်တာနက်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅-၈-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ **အောင်တော်မူ** စောမင်းနောင်၊ စိုင်းညိုမင်း (တေးရေး- ဗိုလ်ကလေး တင့်အောင်)
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၀ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၂၅ ၈။ တေးဂီတအစီအစဉ်
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ ကုသမနေးတီဘီအေး
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း၊ မန္တမ်းသောမေတ္တာ** (အပိုင်း-၃၄)
၁၂:၃၀ ၅။ Golf Magazine(TV)
၁၂:၅၀ ၆။ မြန်မာရုပ်ရှင် **ပန်းဒဏ္ဍာရီ** ရန်အောင်၊ မင်းမော်ကွန်း၊ မေသန်းနု၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-ဟိန်းစိုး)
၁၄:၅၀ ၇။ International News
၁၅:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅ ၁။ Myanmar National League MNL Cup 2010 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဥသာယူနိုက်တက် FC နှင့် ရတနာပုံ FC)
၅:၄၅ ၂။ တေးဂီတအစီအစဉ်
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၁၅ ၄။ မိုးလေဝသအခြေအနေ
၆:၂၀ ၅။ ကာတွန်းအစီအစဉ် Bugs' Adventures (အပိုင်း-၂၄)
၆:၃၅ ၆။ တစ်မျက်နှာတစ်ကွက်စာ **ယောက်ျားတို့ရဲ့အချစ်** မိုးထက်ပိုင်၊ ရန်နိုင်၊ ကောင်းဆက်ထူး၊ ခိုင်ပွင့်၊ ချစ်စု၊ နီနီ ဒါရိုက်တာ-မေတင်(MMG)
၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **အတိတ်ရဲ့ပုံရိပ်** (အပိုင်း-၆)
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ နိုင်ငံတော်အတွက် ထာဝရသစ္စာ စောမင်းနောင်နှင့်အဖွဲ့ (တေးရေး-စန္ဒရားကွန်းဇော်)
၁၂။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၅၁)
၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေဆုံးမြေဆုံး** (အပိုင်း-၁၂)
၁၄။ အစီအစဉ်ပြီး၏။

ပဲခူးတိုင်း ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ခရိုင်ချင်းဆက်လမ်း အမှတ်(၂) (သစ်ကြိမ်း-ထုံဘိုကြီးလမ်း) ရေတာရှည်မြို့နယ် အပိုင်းတွင် ဩဂုတ် ၁၀ရက်က အရိပ်ရပင်များ စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်စုဆောင်း

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော သတ္တဌာနလမ်း ကတ္တရာထပ်ပိုးလွှာခင်းရန် ကျောက်စုဆောင်းထားရှိမှုကို ဇူလိုင် ၃၁ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြလင်းက ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

Yangon- Expo 2010 ကုန်စည်ပြပွဲ၌ NANO ENERGIZER အရောင်းပြခန်း ပါဝင်ပြသ

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ဩဂုတ် ၁၂ရက်မှ ၁၅ရက် အထိ Smart Business Group က ကြီးမှူးကျင်းပသည့် Yangon- Expo 2010 ကုန်စည်ပြပွဲ၌ Korea နိုင်ငံမှ ထုတ်လုပ်သော NANO ENERGIZER အမှတ်တံဆိပ် နောက်ဆုံးပေါ် အဆင့်မြင့် NANO နည်းပညာဖြင့် ထုတ်လုပ်ထားသော Engine Restaration and Protection ပစ္စည်းကို ခင်းကျင်းပြသရောင်းချမည်ဖြစ်သည်။

ဖြန့်ချိရောင်းချ

Royal Lubricants Trading Co., Ltd. က ကိုရီးယားနိုင်ငံလုပ် NANO ENERGIZER အမှတ်တံဆိပ်နှင့် စပိန်နိုင်ငံလုပ် E-1 Lubricants အမှတ်တံဆိပ် အဆင့်မြင့်ပစ္စည်းများကို မြန်မာပြည် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တရားဝင်တင်သွင်းဖြန့်ချိရောင်းချလျက်ရှိသည်။

NANO ENERGIZER သည် စွမ်းဆောင်ရည်ကျနေသော အင်ဂျင်များအတွက် အင်ဂျင်အသစ် တစ်လုံး လဲလှယ်လိုက်သကဲ့သို့ အင်ဂျင်ပါဝါရရှိစေခြင်း၊ အင်ဂျင်ပါဝါ တိုးတက်ကောင်းမွန်ခြင်း၊ အင်ဂျင်အပူချိန် သိသိသာသာ လျော့နည်းစေခြင်း၊ အင်ဂျင်အသံပိုငြိမ်ခြင်း၊ ဆီစားသက်သာစေခြင်း၊ မီးခိုးအထွက် နည်းခြင်း၊ အင်ဂျင်အတွင်းပိုင်းပွန်းစားမှုကို ထူးထူးခြားခြား သက်သာစေခြင်း၊ အင်ဂျင်သက်တမ်း ပို၍ကြာကြာအသုံးခံနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိခံစားနိုင်သည်။

NANO ENERGIZER ၏ ထူးခြားချက်သည် အင်ဂျင်ဝိုင်လဲလှယ်တိုင်း ထည့်သုံးစရာမလိုဘဲ တစ်ကြိမ် ထည့်ပြီးပါက ကီလိုမီတာ ၃၀၀၀၀ (ခြောက်လခန့်)မှ ကီလိုမီတာ ၅၀၀၀၀ (တစ်နှစ်)ခန့်အထိ အသုံးခံကြောင်း ထူးထူးခြားခြား အာမခံထားသည်။

ဆက်သွယ်ဝယ်ယူလိုပါက Royal Lubricants Trading Co.,Ltd. အမှတ် 63,W, သီရိမွန်အိမ်ရာ ဘုရင့်နောင်လမ်း လှိုင်မြို့နယ် ဖုန်း-၀၁-၇၃၀ ၃၉၁၉၁၊၆၈၁၆၀၆၊ ၀၉-၅၁၅၂၄၂၉၊ ၅၁၅၅၄၃၂ ၊ ၈၆၂၁၀၃၉ နှင့် ၅၁၉၈၉၀၂ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှားအားကစား

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

တရုတ်မှာ ကျင်းပမယ့် နိုင်ငံတကာမာရသွန်ပြိုင်ပွဲ

စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင်

ယန်ချန် ဩဂုတ် ၁၄

ပထမအကြိမ် မြစ်ဝါမြစ်တစ်လျှောက် နိုင်ငံတကာမာရသွန်အပြေးပြိုင်ပွဲကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း နန်စီရာဟွေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ လာမယ့်စက်တင်ဘာ ၁၉ရက်မှာ ကျင်းပပါတော့မယ်။

မာရသွန်ပြိုင်ပွဲဝင်မည့် အားကစားသမားများ စုပေါင်းလေ့ကျင့်မှု ပြုလုပ်နေကြစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပထမဆုံး အကြိမ်အဖြစ် နိုင်ငံတကာ မာရသွန်ပြိုင်ပွဲကို လက်ခံကျင်းပတာမို့ ပြိုင်ပွဲကျင်းပရေးကော်မတီဟာ ပြေးလမ်းကြောင်းတွေ ရှင်းလင်းမယ့်စနစ်၊ လိုက်ပါကြီးကြပ်မှု၊ ပြိုင်ပွဲဝင်တွေ စည်းကမ်းတကျ ပြိုင်ပွဲဝင်မှုနဲ့ ကြိုဆိုနေရာချထားရေးကိစ္စတွေကို ကြိုတင်ပြင်ဆင် စီစဉ်နေပါတယ်။

မာရသွန်အပြေးပြိုင်ပွဲအတွက် နိုင်ငံတကာမှ မာရသွန် မောင်မယ် ၄၈ဦးကျော် ပါဝင်ဆင်နွှဲကြဖို့ စာရင်းပေးထားပြီး ဖြစ်ပါတယ်။ စက်တင်ဘာလဆန်းမှာ တရားဝင် ဆေးစစ်မှတ်တမ်းတွေယူပြီး ပြိုင်ပွဲဝင်ခွင့်ပြုသင့် မပြုသင့် စိစစ်မှာဖြစ်သလို ပြေးလမ်းကြောင်း ခရီးမိုင် အကွာအဝေးကိုလည်း တွက်ချက်ပြင်ဆင်ပြီး ဖြစ်ပါတယ်။

နိုင်ငံတကာမှ မာရသွန်ပြိုင်ပွဲဝင်တွေအတွက် ပြေးလမ်းကြောင်းသတ်မှတ်တဲ့အခါ နန်စီရာဟွေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ဖြတ်သန်းစီးဆင်းတဲ့ မြစ်ဝါမြစ်တစ်လျှောက် ၃၉၇ကီလိုမီတာ သတ်မှတ်ထားတဲ့ ခရီးမိုင်ကို ဖြတ်သန်းအပြေး ပြိုင်ကြရမှာဖြစ်ပါတယ်။

မာရသွန် ပြေးလမ်းကြောင်းခရီးမှာရှိတဲ့ တရုတ်မြို့ကြီး လေးမြို့ကိုလည်း ဖြတ်သန်းပြီး ပြေးကြရမှာ ဖြစ်ပါတယ်။ ပထမဆုံးအကြိမ် နိုင်ငံတကာ မာရသွန်ပြိုင်ပွဲမှာ မာရသွန်ပြိုင်ပွဲလေးတွေ အဖြစ် ၁၀ကီလိုမီတာနဲ့ သုံးကီလိုမီတာ အပြေးပြိုင်ပွဲတွေလည်း ထည့်သွင်းကျင်းပသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတကာမှ မာရသွန်အပြေးပြိုင်ပွဲဝင် အားကစား မောင်မယ်တွေဟာ ပြိုင်ပွဲဆင်နွှဲခွင့်ကို အင်တာနက်မှတစ်ဆင့် လျှောက်လွှာတင်လို့ရအောင်လည်း အင်တာနက်ဝက်ဘ်ဆိုက်မှာ တင်ပေးထားလို့ အခက်အခဲမရှိပြိုင်ပွဲဝင်ဖို့ လျှောက်လွှာတင်နိုင်ခဲ့ကြပါတယ်။

ခွင့်မပြု

ကမ္ဘာ့ပြေးခုန်ပစ် အဖွဲ့ချုပ်နဲ့ သက်ဆိုင်ရာ နိုင်ငံ ပြေးခုန်ပစ်အားကစားအဖွဲ့ချုပ်တွေက ပြိုင်ပွဲဝင်ခွင့်ပိတ်ပင်ထားတဲ့ မာရသွန် အပြေးသမားမောင်မယ်တွေ ဝင်ရောက် ယှဉ်ပြိုင်ခွင့်ပြုမှာ မဟုတ်ပါဘူး။

နိုင်ငံတကာမှ မာရသွန်ပြိုင်ပွဲဝင် မောင်မယ်တွေအတွက် ပြိုင်ပွဲကျင်းပရာ နန်စီရာဟွေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲ့ ပြိုင်ပွဲဝင်ပြေးလမ်းကြောင်းတစ်လျှောက်မှာ ကြိုတင်လေ့ကျင့်မယ်ဆိုရင် လိုက်လံထိန်းသိမ်းစောင့်ရှောက်ပေးဖို့ မော်တော်ယာဉ်၊ အချိန်ထိန်းနာရီနဲ့ လုံခြုံရေးအဖွဲ့ဝင်တွေကို ဖြည့်ဆည်းပေးဖို့အတွက်လည်း စီစဉ်ပေးမှာ ဖြစ်ပါတယ်။

ရောက်ရှိ

ပထမအကြိမ် မြစ်ဝါမြစ်ကြောင်း တစ်လျှောက် နိုင်ငံတကာမာရသွန် ပြိုင်ပွဲကို အခုလိုကျင်းပတာဟာ ပြိုင်ပွဲကို လာရောက်ကြည့်ရှုမယ့် နိုင်ငံတကာမှ ပရိသတ်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ အတွက် အကျိုးရှိစေမှာဖြစ်တဲ့အပြင် တရုတ်နိုင်ငံကို ကမ္ဘာလှည့်ခရီးသွားတွေ လာရောက်ဖို့အတွက်လည်း ဆွဲဆောင်မှုတစ်ရပ်အဖြစ် ရောက်ရှိစေမှာ ဖြစ်ပါတယ်။

စောင့်ကြည့်

ဒါကြောင့်မို့ ပထမဆုံးအကြိမ် မြစ်ဝါမြစ်ကြောင်းတစ်လျှောက် ကျင်းပမယ့် နိုင်ငံတကာ မာရသွန်ပြိုင်ပွဲမှာ ဘယ်နိုင်ငံကိုယ်စားပြု မာရသွန် မောင်မယ်တွေ အောင်ပွဲခံသွားမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါကြောင်း။ ။

(အင်တာနက်)

❖ အာကာကျော် - စုစည်းရေးသားသည် ❖

နည်းပြ အာစင်ဝင်းဂါး အာဆင်နယ်နှင့် ထပ်မံစာချုပ်လို

လန်ဒန် ဩဂုတ် ၁၄

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက သူ့အနေဖြင့် အီမရိတ်ကွင်း၌ စာချုပ်သစ် ချုပ်ဆိုသွားလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အသက် ၆၀ရှိပြီဖြစ်သော ပြင်သစ်နိုင်ငံသား အာစင်ဝင်းဂါးသည် ယခုနှစ် ဘောလုံးရာသီကုန်ဆုံးလျှင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။ ဝင်းဂါးသည် အာဆင်နယ်အသင်းတွင် ၁၃နှစ်ကြာ နည်းပြတာဝန်ယူခဲ့စဉ် ဖလား ၁၁လုံး ဆွတ်ခူးပေးနိုင်ခဲ့ပြီဖြစ်သည်။ အာဆင်နယ်အသင်းသည် ၂၀၀၄ခုနှစ်က ပရီမီယာလိဂ်ဖလား ရရှိခဲ့ပြီးနောက် ပထမဆုံး ဖလားပြန်လည်ဆွတ်ခူးနိုင်ရေး ကြိုးပမ်းမှုအဖြစ် ရှိုင်းဟော့ဆင်၏ လီဗာပူးအိမ်ကွင်းသို့ ယနေ့သွားရောက် ကစားရမည်ဖြစ်သည်။

သက်တမ်းအကြာဆုံးဖြစ်

ဝင်းဂါးသည် ၁၉၉၆ခုနှစ်က အာဆင်နယ်နည်းပြဖြစ်လာပြီးနောက် ပရီမီယာလိဂ်ဖလားများကို ၁၉၉၈၊ ၂၀၀၂နှင့် ၂၀၀၄ခုနှစ်တို့တွင် လည်းကောင်း၊ အက်ဖ်အေဖလားများကို ၁၉၉၈၊ ၂၀၀၂၊ ၂၀၀၃နှင့် ၂၀၀၅ခုနှစ်တို့တွင် လည်းကောင်း ဆွတ်ခူးပေးနိုင်ခဲ့သည်။ ထို့အပြင် ၂၀၀၅ခုနှစ်ကပင် ချန်ပီယံလိဂ်ဗိုလ်လုပွဲအထိ အာဆင်နယ်အသင်းကို အရောက်ပို့ပေးနိုင်ခဲ့သည်။ ၎င်းသည် မန်ယူနည်းပြ ဖာဂူဆန်ပြီးလျှင် ပရီမီယာလိဂ်တွင် သက်တမ်းအကြာဆုံး နည်းပြဖြစ်သည်။ **(အင်တာနက်)**

တိုက်စစ်မှူး ဘာလော့တယ်လီအား မန်စီးတီး ငါးနှစ်စာချုပ်

လန်ဒန် ဩဂုတ် ၁၄

အင်တာမီလန် တိုက်စစ်မှူး ဘာလော့တယ်လီအား မန်စီးတီးက ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်ဟု ၎င်းကလပ်က ကြေညာသည်။

အသက် ၂၀အရွယ်ရှိ အီတလီကစားသမား ဘာလော့တယ်လီသည် မန်စီးတီးသို့ ပြောင်းရွှေ့ကြေး ပေါင် ၂၄သန်းဖြင့် ပြောင်းရွှေ့ရန် သဘောတူညီခဲ့ပြီးနောက် ဩဂုတ် ၁၃ရက်က မန်ချက်စတာမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

မန်စီးတီးအသင်းသည် ဘာလော့တယ်လီအား စာချုပ်လိုက်ပြီးနောက် ဘောလုံးသမားများကို စာချုပ်ခေါ်ယူခဲ့သည့် ကုန်ကျစရိတ်အတွက် ပေါင်သန်း ၁၀၀ကုန်ကျသွားပြီဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဘရာဇီးကစားသမား ရာမီရက်စ်အား အန်ဆယ်လော့တီ ခေါ်ယူစာချုပ်

လန်ဒန် ဩဂုတ် ၁၄

ချယ်လ်ဆီးအသင်းသည် ဘင်ဖီကာမှ ဘရာဇီးကွင်းလယ်ကစားသမား ရာမီရက်စ်အား ဩဂုတ် ၁၃ရက်က စာချုပ်လိုက်ပြီဖြစ်သည်။ အသက် ၂၃နှစ်ရှိ ကွင်းလယ်ကစားသမား ရာမီရက်စ်အား ပေါင် ၁၇သန်းဖြင့် ခေါ်ယူစာချုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ဘရာဇီးအသင်း၏ အနာဂတ်ဖြစ်သလို ချယ်လ်ဆီးအသင်းအတွက်လည်း မျှော်လင့်ချက်များစွာ ပေးစွမ်းနိုင်မည့် ကစားသမားဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက ပြောကြားသည်။

၎င်းသည် ချယ်လ်ဆီးမှ ယခုနှစ်အတွင်း ခေါ်ယူလိုက်သည့် ဒုတိယမြောက်ကစားသမား ဖြစ်လာသည်။ ချယ်လ်ဆီးတို့ လီဗာပူးမှ ဘီနာယောင်ကိုလည်း ခေါ်ယူခဲ့ပြီးဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာဖြစ်ရပ်မှန်မှုခင်း

နိုင်ငံတကာဖြစ်ရပ်မှန်မှုခင်း နိုင်ငံတကာဖြစ်ရပ်မှန်မှုခင်း နိုင်ငံတကာဖြစ်ရပ်မှန်မှုခင်း

အတ္တလန္တာမြို့က လူရမ်းကား၏ နိဂုံး

အတ္တလန္တာ ဩဂုတ် ၁၄

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိပြီဟု ဆိုစကားရှိ၏။

မှန်ပေ၏။ မကောင်းမှုဒုစရိုက်မှန်သမျှသည် မည်သို့ပင်ဖုံးကွယ်ရန်ကြိုးစားသည်ဖြစ်စေ တစ်ချိန်ချိန်တွင် မကောင်းမှုအကုသိုလ်အကြောင်းတရားများပေါင်းစည်းမိသောအခါ အဖြစ်မှန်ကို လှစ်ဟပြမိသလိုဖြစ်တတ်သည်။

ဤစကားကိုဖြစ်ရပ်မှန်မှုခင်းတစ်ရပ်နှင့် သာဓကဆောင် ဖော်ပြရပါလျှင် အမေရိကန်နိုင်ငံ အတ္တလန္တာမြို့က ဓားကိုင်ရမ်းကားနေသည့် အာဗူလာဇန်ကိုပြရပေလိမ့်မည်။ သူသည် အမေရိကန်နိုင်ငံ ပြည်နယ်သုံးခုအတွင်း ဓားထိုးမှုပေါင်း ၂၀ကျော် ဆက်တိုက်ကျူးလွန်ခဲ့သည့် တရားခံဟု စွပ်စွဲခံနေရသူဖြစ်သည်။

မစ္စတာ အာဗူလာဇန်သည် သွေးအေးအေးဖြင့် စိတ္တဇလူသတ်သမားဆန်ဆန် လူတွေကို လိုက်လံသတ်ဖြတ်ရန် ကြိုးစားနေသူဖြစ်သည်။ သူသည် မေလနှောင်းပိုင်းမှစပြီး အမေရိကန်နိုင်ငံ မီချီဂန် ပြည်နယ်တစ်ခွင် ဓားကိုင် တိုက်ခိုက်မှုများ လိုက်လံကျူးလွန်နေသည်။ ၎င်းသည် ဇူလိုင် ၂၇ရက်က မီချီဂန်တွင် ဖြစ်ပွားခဲ့သည့် လူသတ်မှုနှင့် အဓိက ဆက်နွှယ်နေသူဖြစ်သည်။

မစ္စတာအာဗူလာဇန်နှင့် ဆက်နွှယ်နေသော ဓားထိုးမှုပေါင်း ၂၀ကျော်ရှိသည်။ ၎င်းတို့အနက် ငါးမှုမှာ လူသေဆုံးခဲ့ရကြောင်း၊ ၎င်းဓားကိုင်တိုက်ခိုက်ခဲ့သည့်သူများတွင် အသက်အငယ်ဆုံးမှာ ၁၇နှစ်ဖြစ်ပြီး အသက်အကြီးဆုံးမှာ ၆၀ဖြစ်ကြောင်း ရဲအဖွဲ့ကပြောကြားသည်။

အဆိုပါ ဓားထိုးမှုများနှင့်ပတ်သက်ပြီး မီချီဂန်ရဲတပ်ဖွဲ့က အပူတပြင်းလိုက်လံစုံစမ်းလျက်ရှိရာ မစ္စတာအာဗူလာဇန်သည် အစ္စရေးနိုင်ငံသို့ထွက်ပြေးရန်ကြိုးစားစဉ် အတ္တလန္တာလေဆိပ်၌ ဩဂုတ် ၁၁ရက်က ဖမ်းဆီးခံလိုက်ရသည်ဟုဆိုသည်။ မစ္စတာအာဗူလာဇန်အား အစ္စရေးနိုင်ငံ တဲအဗစ်မြို့သို့ ဒဲလ်တာ လေကြောင်းလိုင်းဖြင့် လိုက်ပါရန် ပြင်ဆင်နေချိန်၌ ရဲအဖွဲ့က ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။ ၎င်းသည် အစ္စရေးနိုင်ငံသား တစ်ဦးဖြစ်ပြီး အမေရိကန်နိုင်ငံတွင် တရားဝင်လာရောက်နေထိုင်သူဖြစ်သည်။

မီချီဂန်ရဲအဖွဲ့နှင့် အက်ဖ်ဘီအိုင်အဖွဲ့က အဆိုပါပြစ်မှုကျူးလွန်သူနှင့်သက်ဆိုင်သည့် ဖိုင်များကို ပြန်လည်စစ်ဆေးလျက်ရှိသည်။ ၎င်းတို့သည် အစ္စရေးနိုင်ငံနှင့်ပါ သတင်းအချက်အလက်များဖလှယ်ရန် ပြင်ဆင်နေကြောင်းသိရသည်။

မီချီဂန်ရဲအဖွဲ့၏ အဆိုအရ အဆိုပါလူသတ်သမားသည် ညအခါအမှောင်ထုကို အားပြုလျက် ဓားကိုင်ကာ လူမည်းများကိုလိုက်လံသတ်ဖြတ်နေသူဖြစ်ကြောင်း၊ သတ်ဖြတ်ပြီးနောက် ၎င်း၏ကားဖြင့် ထွက်ပြေး တိမ်းရှောင်နေလေ့ရှိသူဖြစ်ကြောင်း သိရသည်။

၎င်းသည် မေလမှစတင်ကာ ဓားကိုင်တိုက်ခိုက်မှုများ ဆက်တိုက်ကျူးလွန်ခဲ့ရာ လေးရက်လျှင် တစ်ကြိမ်ခန့် ပြစ်မှုကျူးလွန်နေသူလည်း ဖြစ်သည်ဟုဆို၏။

ယခုအခါ ရဲအဖွဲ့က အဆိုပါပြစ်မှုများနှင့်ဆက်စပ်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း၊ ရဲအဖွဲ့က ၎င်းနှင့်ဆက်နွှယ်သည့် မှုခင်းဖိုင်ပေါင်း ၄၆၉ခုကို ပြန်လည်စစ်ဆေးနေကြောင်း မီချီဂန်ရဲတပ်ဖွဲ့က ပြောကြားသည်။

မြင့်မောင်စိုး - ရေးသားသည်

ဤဖြစ်ရပ်မှန်မှုခင်းမှ ရရှိသော သင်ခန်းစာမှာ မကောင်းမှုဒုစရိုက်မှန်သမျှ ဆိတ်ကွယ်ရာမရှိကြောင်း၊ မကောင်းမှု ပြုကျင့်သူသည် မကောင်းသောအရပ်သို့ သာလားရမည်ဖြစ်ကြောင်း ဘဝသင်ခန်းစာ၊ ဘဝအသိများ ရရှိကြမည်ဖြစ်။

အထက်ပါဖြစ်ရပ်မှန်မှုခင်းကို သုံးသပ်ကြည့်ခြင်းအားဖြင့် မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိကြောင်း တွေ့ရှိရသည်။

ဤဖြစ်ရပ်မှန်မှုခင်းမှ ရရှိသော သင်ခန်းစာမှာ မကောင်းမှုဒုစရိုက်မှန်သမျှ ဆိတ်ကွယ်ရာမရှိကြောင်း၊ မကောင်းမှု ပြုကျင့်သူသည် မကောင်းသောအရပ်သို့ သာလားရမည်ဖြစ်ကြောင်း ဘဝသင်ခန်းစာ၊ ဘဝအသိများ ရရှိကြမည်ဖြစ်ပါသည်။ ။

ကိုးကား-အင်တာနက်

(၁၈)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဩဂုတ် ၁၄

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက (၁၈)ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ၇၁ ဌာနတို့၌ ၂၀၁၀ခုနှစ် ဇွန် ၁ရက်မှ ၅ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့သည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက) ဝိနည်းငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၁၀၉ပါး၊ လေးကျမ်းအောင် ၁၀၇ပါး၊ သုံးကျမ်းအောင် ၁၂၈ ပါး၊ နှစ်ကျမ်းအောင် ၂၀၃ပါး၊ တစ်ကျမ်းအောင် ၃၉၅ပါးတို့ ဖြစ်ကြသည်။

ဝိနည်းငါးကျမ်းအောင်

ဝိနည်းငါးကျမ်းအောင် ၁၀၉ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ ခုံအမှတ် အမဇ-၄၅ ရှင်ဝိလာသ သက်တော် (၁၉)နှစ် အဖ ဦးကျော်ဝင်းစိန် အောင်ချမ်းသာပရိယတ္တိကျောင်း မြောက်စလင်းတိုက် အောင်မြေသာစံမြို့နယ် မန္တလေးတိုင်း (ပထမ)၊ ခုံအမှတ် ဒဂတ-၂၃၂ အရှင်အာစာရ သက်တော် (၃၀) အဖ ဦးကျော်နု အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်ကျောင်းတိုက် ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ရန်ကုန်တိုင်း (ဒုတိယ)နှင့် ခုံအမှတ် မရ-၄၁ ရှင်ဝိမလာနန္ဒာလင်္ကာရ သက်တော်(၁၉)နှစ် အဖ ဦးစံဝင်း တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်း (တတိယ)တို့ ဖြစ်သည်။

အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၅၅ပါး၊ နှစ်ကျမ်းအောင် ၃၃ပါး၊ တစ်ကျမ်းအောင် ၃၄ပါးတို့ ဖြစ်ကြသည်။

ဒီဃနိကာယ်သုံးကျမ်းအောင်

ဒီဃနိကာယ်သုံးကျမ်းအောင် ၅၅ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ ခုံအမှတ် မရ-၅၃ အရှင်ပညာသာရာလင်္ကာရ သက်တော် (၂၂)နှစ် အဖ ဦးကျော်ရွှေ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်း(ပထမ)၊ ခုံအမှတ် စက-၁၃ အရှင်ကုဏ္ဍောဘာသာလင်္ကာရ သက်တော် (၂၆)နှစ် အဖ ဦးမုန်း တိပိဋကနိကာယကျောင်းတိုက် စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်း (ဒုတိယ)နှင့် ခုံအမှတ် ဒဂတ-၁၁ အရှင်စန္ဒာသီရိ သက်တော် (၂၉)နှစ် အဖ ဦးမောင်ကို နိကာယ်စာသင်တိုက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရန်ကုန်တိုင်း (တတိယ)တို့ ဖြစ်သည်။

အုပ်စု(၃) မဇ္ဈိမနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ကိုးပါး၊ နှစ်ကျမ်းအောင် ငါးပါး၊ တစ်ကျမ်းအောင် သုံးပါးတို့ဖြစ်ကြသည်။

မဇ္ဈိမနိကာယ်သုံးကျမ်းအောင်

မဇ္ဈိမနိကာယ်သုံးကျမ်းအောင် ကိုးပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင် ပုဂ္ဂိုလ်များမှာ ခုံအမှတ် မင်္ဂလာ-၁ အရှင်သုနန္ဒ သက်တော် (၃၁)နှစ် အဖ ဦးကြည်ဝင်း မဟာဂန္ဓာရုံကျောင်းတိုက် မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်း (ပထမ)၊ ခုံအမှတ် မော်-၂ အရှင်ပညာဒီပ သက်တော်(၂၇)နှစ် အဖဦးအောင်သန်း ဆင်ဖြူကျောင်းတိုက် မော်လမြိုင်မြို့ မွန်ပြည်နယ် (ဒုတိယ)နှင့် ခုံအမှတ် ကွေး-၁ အရှင်သောဘန သက်တော်(၄၅)နှစ် အဖ ဦးမြင့်သိန်း သံဃာရာမကျောင်းတိုက် မကွေးမြို့ မကွေးတိုင်း (တတိယ)တို့ ဖြစ်သည်။

အုပ်စု(၄)သံယုတ္တနိကာယ(သုတ္တန္တပိဋက)သုံးကျမ်း ဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် တစ်ပါး၊ နှစ်ကျမ်းအောင်တစ်ပါး၊ တစ်ကျမ်းအောင် သုံးပါးတို့ ဖြစ်ကြသည်။

အုပ်စု(၅)အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၄၄ပါး၊ နှစ်ကျမ်းအောင် ၃၂ပါး၊ တစ်ကျမ်းအောင် ၂၄ပါးတို့ ဖြစ်ကြသည်။

အင်္ဂုတ္တရနိကာယ်သုံးကျမ်းအောင်

အင်္ဂုတ္တရနိကာယ်သုံးကျမ်းအောင် ၄၄ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသောအထူးအောင် ပုဂ္ဂိုလ်များမှာ ခုံအမှတ် မန်း/အမဇ-၃ ရှင်ဓမ္မာစာရ သက်တော် (၁၈)နှစ် အဖ ဦးချစ်ကြည် အောင်ချမ်းသာကျောင်း မြောက်စလင်းတိုက် အောင်မြေသာစံမြို့နယ် မန္တလေးတိုင်း (ပထမ)၊ ခုံအမှတ် မရ-၁၅ အရှင်နန္ဒဝံသာလင်္ကာရ သက်တော်(၂၁)နှစ် အဖ ဦးဖိုးသန်း တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်း (ဒုတိယ)နှင့် ခုံအမှတ် ဗဟ-၁၀ ရှင်ပညာဝံသာလင်္ကာရ သက်တော် (၁၉)နှစ် အဖ ဦးကျော်ရှိန် မဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်း (တတိယ)တို့ ဖြစ်သည်။

အုပ်စု(၆) ခုဒ္ဒကနိကာယ(၁) (သုတ္တန္တပိဋက) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် တစ်ပါးဖြစ်သည်။

အုပ်စု(၇) ခုဒ္ဒကနိကာယ (၂) (သုတ္တန္တပိဋက) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် တစ်ကျမ်းအောင် တစ်ပါးဖြစ်သည်။

အုပ်စု(၈) ခုဒ္ဒနိကာယ (အဘိဓမ္မပိဋက) (ပထမပိုင်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် တစ်ပါး၊ တစ်ကျမ်းအောင် ၁၀ပါးတို့ဖြစ်ကြသည်။

အုပ်စု (၉) ခုဒ္ဒနိကာယ (အဘိဓမ္မပိဋက) (ဒုတိယပိုင်း) လေးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင် တစ်ပါး၊ နှစ်ကျမ်းအောင် တစ်ပါးတို့ ဖြစ်ကြသည်။

အုပ်စု (၁) ခုဒ္ဒနိကာယ (ဝိနယပိဋက)ဝိနည်းသုံးကျမ်း အဋ္ဌကထာ (မဟာဝိဒူ) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် နှစ်ပါး၊ တစ်ကျမ်းအောင် သုံးပါးတို့ ဖြစ်ကြသည်။

နှစ်ကျမ်းအောင်

အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက) ဒီဃနိကာယသုံးကျမ်း အဋ္ဌကထာ (မဟာဝိဒူ) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် နှစ်ပါးဖြစ်သည်။

အုပ်စု(၄) သံယုတ္တနိကာယ (သုတ္တန္တပိဋက)သံယုတ္တနိကာယသုံးကျမ်း အဋ္ဌကထာ (မဟာဝိဒူ) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် တစ်ပါးဖြစ်သည်။

သံယုတ္တနိကာယ (သုတ္တန္တပိဋက) သံယုတ္တနိကာယ သုံးကျမ်းအဋ္ဌကထာ (မဟာဝိဒူ) သုံးကျမ်းအောင် တစ်ပါးမှာ ခုံအမှတ် သဆ-၁ အရှင်ဝဏ္ဏိတာလင်္ကာရ သက်တော် (၄၄)နှစ် အဖ ဦးပေါ်အေး မဟာဂန္ဓာရုံကျောင်းတိုက် သုံးဆယ်မြို့ ပဲခူးတိုင်းဖြစ်သည်။

(၁၈)ကြိမ်မြောက် နိကာယ်စာမေးပွဲတွင် အုပ်စုကိုးခုနှင့် မဟာဝိဒူတန်းတို့တွင် ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်းမှာ ၁၂၀၉ပါး ဖြစ်သည်။

ကြည့်ရှုနိုင်

ယင်းအောင်စာရင်းအပြည့်အစုံကို ပြည်နယ်/တိုင်း သံဃနာယက စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကနှင့် ပြည်နယ်/တိုင်း သာသနာရေးမှူးရုံးများတွင် ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ သာပေါင်းမြို့နယ်၌ ကျင်းပ

သာပေါင်း ဩဂုတ် ၁၄

ပုသိမ်ခရိုင် သာပေါင်းမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၁၀ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ကွက်ပြင်ကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာ ပုသိမ်-သာပေါင်း ကားလမ်းဘေး၌ ဇွန် ၂၂ရက် နံနက် ၈နာရီက ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်၊ သစ်တောဦးစီးအရာရှိ ဦးထွန်းထွန်းဦးနှင့် သစ်တောဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ပြည်သူများ တက်ရောက်ပြီး ကျွန်း၊ ယူကလစ်၊ အော်ရီးရှား စုစုပေါင်းပျိုးပင် ၁၁၀ကျော် စုပေါင်းစိုက်ပျိုးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ဂုဏ်ယူဝမ်းမြောက်ခြင်း

Max Myanmar Groups Co.,Ltd. မှ ဧရာဝတီဘဏ် (နေပြည်တော်)ကို ၁၁-၈-၂၀၁၀ ရက်တွင် နေပြည်တော်၌ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုးတိုး၍ အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ရေကြည်မြို့နယ်သူ မြို့နယ်သားများနှင့်
ရေကြည်မြို့နယ်အသင်း(ရန်ကုန်)။

မှတ်သားဖွယ်ရာ မိုးရေချိန်များ ၁၄-၈-၂၀၁၀		
နေပြည်တော် (လေဆိပ်)	၀ ဒသမ ၉၈	လက်မ
မြစ်ကြီးနားမြို့နှင့် မချမ်းဘောမြို့	၃ ဒသမ ၀၃	လက်မ
ကျောက်တော်မြို့	၂ ဒသမ ၄၈	လက်မ

ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ရက် နံနက် ၈နာရီက ယုဇနဥယျာဉ်မြို့တော် အထက(၂) ယုဇနခန်းမ၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းအောင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(ဝဲပုံ)**

သရုပ်ပြ

သင်တန်းပို့ချရာတွင် ကော်မရှင်အဖွဲ့ခွဲလုပ်ငန်းလမ်းညွှန်၊ မဲရုံမှူးလုပ်ငန်းလမ်းညွှန်နှင့် မဲစာရင်းပြုစုခြင်း၊ ကြေညာခြင်း၊ ကြိုတင်မဲပေးခြင်းနှင့် မဲရုံဆောက်လုပ်ခြင်းစသည်တို့ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များက သရုပ်ပြပို့ချသည်။

အဆိုပါ သင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာ ကော်မရှင်အဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၂၅၀ကျော် တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဂုဏ်ယူဝမ်းမြောက်ခြင်း

တောင်ကြီးမြို့ KBZ STADIUM တွင် Kanbawza FC မှ အိမ်ရှင်ကွင်းအဖြစ် MNL 2010 (Second Round) ဖွင့်ပွဲအခမ်းအနားကို ၁၄-၈-၂၀၁၀ ရက်တွင် လက်ခံကျင်းပနိုင်ခြင်းအတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်းနှင့် အခွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ

Yuzana Group of Companies.

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် မြိုင်မြို့နယ်၌ကျင်းပ

မြိုင် ဩဂုတ် ၆

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနက ကြီးကြပ်၍ ၂၀၁၀ခုနှစ် မိုးရာသီ မြို့နယ်လုံးကျွတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၉ရက် နံနက် ၈နာရီက ဝွေးပင်လယ်ကျေးရွာအနီး မြိုင်-လက်ယက်မ ကားလမ်းဘေးဝဲယာ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

စုပေါင်းစိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်တင်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန တောအုပ် ဦးဟန်ထွန်းချိုက မြို့နယ်လုံးကျွတ်သစ်ပင်စိုက်ပျိုးရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။

စိုက်ပျိုးသည့်သစ်ပင်များမှာ ကျွန်းအပင် ၁၀၀၊ယင်းမာပင် ၃၀၀၊ယူကလစ်ပင် ၅၀၀ နှင့် တမာပင် ၃၀၀ စုစုပေါင်း အပင် ၁၂၀၀ကို စိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပညာရေးအထောက်အကူပြု စာပေဟောပြော

သီပေါ ဩဂုတ် ၉

သီပေါမြို့နယ် ပညာရေးဌာနနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ပညာရေးအထောက်အကူပြု စာပေဟောပြောပွဲကို ဇူလိုင် ၁၄ရက် နံနက်က သီပေါမြို့နယ် ပန်ညှအခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အစီအစဉ်အရ စာရေးဆရာ သီပေါကိုလတ်က အနုပညာနှင့်ပညာရေး၊ စာရေးဆရာကိုမျိုး (ရွှေနန်းတော်)က မင်္ဂလာပါ၊ ကဗျာဆရာမောင်ရည်ရွှယ်(သီပေါ)က မြန်မာစာပေအလင်္ကာပန်း ခေါင်းစဉ်တို့ဖြင့် ဟောပြောကြပြီး အငြိမ်းစားကျန်းမာရေးမှူး ဦးကျော်ဆွေက ကျန်းမာရေး ပညာပေး ဟောပြောသည်။

ပေးအပ်လှူဒါန်း

ထို့နောက် သီပေါမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ **(အောက်ပုံ)** **(စာပေ/စာနယ်ဇင်း)**

ငါးရစ်ငါးသန် ဖမ်းဆီးခြင်းမရှိရေး ကွင်းဆင်းစစ်ဆေး

မော်လမြိုင် ဩဂုတ် ၇

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမြင့်သည် ဇူလိုင် ၁၅ရက်က မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးလွင်လိုက်ပါလျက် မော်လမြိုင်ခရိုင်ရှိ သံလွင်မြစ်၊ ဂျိုင်းမြစ်နှင့် အတ္တရံမြစ်ကြောင်းများ တစ်လျှောက် ငါးရစ်ငါးသန်ကာလအတွင်း ငါးဖမ်းဆီးခြင်း ရှိ မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

ပုံမှန် ငါးဖမ်းရာသီကာလများတွင် မြစ်ကြောင်းသုံးသွယ်အတွင်း တင်ဒါပိုက်ချက်များ၊ ကမ်းတားပိုက်များ၊ ကမ်းဝိုင်းပိုက်များ၊ မျှောပိုက်များဖြင့် ငါးဖမ်းဆီးလေ့ရှိကြပြီး တားမြစ်ကာလဖြစ်သည့် မေ၊ ဇွန်၊ ဇူလိုင်လများတွင် ငါးဖမ်းဆီးလေ့မရှိကြောင်း သိရသည်။ **(ငါးလုပ်ငန်းဦးစီးဌာန)**

မိတ္ထီလာမြို့နယ် ကံကောင်းကျေးရွာ၌ စာအုပ်စာစောင်များလှူဒါန်း

မိတ္ထီလာ ဩဂုတ် ၈

မိတ္ထီလာမြို့နယ် ကံကောင်းကျေးရွာ အောင်ခင်ရီစာကြည့်တိုက် ရှင်သန်ခိုင်မာရေးဆွေးနွေးပွဲနှင့် စာအုပ်စာစောင်များလှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၂ရက် မွန်းတည့် ၁၂နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်က အောင်ခင်ရီစာကြည့်တိုက်အတွက် သုတရသ စာအုပ် စာစောင် ၁၅၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးညွန့်လှိုင်က လက်ခံယူသည်။ (အောက်ပုံ)

ပေးအပ်လှူဒါန်း

အလားတူ မွန်းလွဲ ၁နာရီက ဆူးဖြူကက်ကျေးရွာ အောင်ဆုယူစာကြည့်တိုက် ရှင်သန်ခိုင်မာရေး ဆွေးနွေးပွဲနှင့် စာအုပ်စာစောင်များလှူဒါန်းပွဲ အခမ်းအနားကို အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ အောင်ဆုယူစာကြည့်တိုက်အတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက သုတ ရသ စာအုပ် စာစောင် ၁၅၀၊ သတင်းစာ တစ်နှစ်စာအတွက် ဒေါ်စန္ဒာဝင်း မြရတနာကုန်မာဆိုင်က ငွေကျပ် ၂၄၀၀၀၊ ဒို့ကျေးရွာ တစ်နှစ်စာအတွက် ဦးမန်း-ဒေါ်ခင်အေးမြင့် မိသားစုက ငွေကျပ် ၄၈၀၀၊ ဦးမောင်မြင့်- ဒေါ်ခင်ဝင်းကြည် မိသားစုက သုတ ရသ စာအုပ် စာစောင် ၁၅၀ ပေးအပ်လှူဒါန်းခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပုလုံးတုံးတုံးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၂၆ရက်က အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် အင်ဂျင်နီယာမှူး ဦးအောင်ကိုဦးတို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်း ထွေတလာ

ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဩဂုတ် ၁၄

ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ အဋ္ဌမအကြိမ် စုပေါင်းအလှူကို ဩဂုတ် ၂၂ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်း မှန်ကျောင်း၌ ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)နှင့် ဂျိုးမင်းသက်နှ်းတိုက် ဦးနွေးအောင်-ဒေါ်တင်ဝိုင်းမိသားစုတို့ ပူးပေါင်းကျင်းပမည်ဖြစ်ရာ ပုဂံ-ညောင်ဦးမြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် အသင်းနာယက ဦးဘမောင် ဖုန်း-၂၀၁၄၆၈၊ အသင်းဥက္ကဋ္ဌ ဦးသိန်းအောင် ဖုန်း-၅၇၇၇၀၂၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းညွန့် ဖုန်း-၅၅၂၄၀၉၊ အတွင်းရေးမှူး ဗိုလ်ကြီးထွန်းအောင်ရှိန်(ငြိမ်း) ဖုန်း-၀၉-၈၆၂၇၉၃၊ တွဲဖက်အတွင်းရေးမှူး ဦးပေါများ ဖုန်း-၇၃၀-၇၁၅၂၅နှင့် ဦးနွေးအောင်(ဂျိုးမင်းသက်နှ်းတိုက်) ဖုန်း -၅၄၀၁၁၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ **(၁၁၃)**

ရွှေကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း တံတားဦးမြို့နယ်၌ဖွင့်

တံတားဦး ဩဂုတ် ၁၃

တံတားဦးမြို့နယ် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော ရွှေကောက်ပွဲဆိုင်ရာ မဲရုံမှူး၊ဒုတိယမဲရုံမှူးများ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၄ရက် နံနက် ၉နာရီက မြို့နယ်အား/ကာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ကျောက်ဆည်ခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ တံတားဦးမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရည်ရွယ်ချက်

ရှေးဦးစွာ မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးအောင်ထွန်းနှင့် ကျောက်ဆည်ခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးတင်အောင်တို့က အမှာစကားပြောကြားကြပြီး တံတားဦးမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်ပုက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းကာလ

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀၈ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာအမျိုးသမီးများနေ့ ကျောက်ပန်းတောင်းမြို့နယ်၌ ကျင်းပ

ကျောက်ပန်းတောင်း ဩဂုတ် ၉

ကျောက်ပန်းတောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ဇူလိုင် ၃ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၉နာရီက ကျောက်ပန်းတောင်းမြို့နယ် စပါးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဟောပြော

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးမိုးအေးက အမှာစကားပြောကြားပြီး ပညာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် မြို့နယ်ပညာရေးမှူး ဒေါ်အကြူက မြန်မာအမျိုးသမီးများနှင့် ပညာရေးကဏ္ဍအကြောင်းကိုလည်းကောင်း၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့ဝင် ဒေါက်တာအင်ကြင်းက အမျိုးသမီးများနှင့် ကျန်းမာရေးကဏ္ဍအကြောင်းကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ဝင် ဒေါ်မြစန်းကြည်က အမျိုးသမီးများနှင့် သစ်ပင်ပန်းမန် စိုက်ပျိုးရခြင်းအကြောင်းကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

ဟိုပုံးမြို့၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်

ဟိုပုံး ဩဂုတ် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်တွင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်ပွဲကို ဇွန် ၃၀ ရက် နံနက် ၈နာရီက အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။ သင်တန်းဖွင့်ပွဲသို့ တောင်ကြီးခရိုင်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်ခိုင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသန်းဝင်းက သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်အဆောက်အအုံသစ်ဆောက်လုပ်ရေးနှင့် စာကြည့်တိုက်ဖွင့်ပွဲကျင်းပရေး ပုဏ္ဏားကျွန်း ပြန်/ဆက် ဆွေးနွေး

ပုဏ္ဏားကျွန်း ဩဂုတ် ၅

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူး ဦးလှဘော်သူနှင့် မြို့နယ်စာပေကော်မတီဝင် ဦးအေးမောင်တို့သည် ဇူလိုင် ၂၁ရက်က ဆောက်လုပ်ခဲ့ပြီးဖြစ်သော ပုဏ္ဏားကျွန်းမြို့နယ် ပန်းနီလာကျေးရွာ သုတရောင်ခြည်စာကြည့်တိုက်သို့ သွားရောက်ပြီး စာကြည့်တိုက် အဆောက်အအုံသစ်ကို အမြန်ဆုံး ဖွင့်လှစ်နိုင်ရေးနှင့် စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးလုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ကွင်းဆင်းဆွေးနွေးခဲ့သည်။

တင်ပြဆွေးနွေး

ဆက်လက်၍ စာကြည့်တိုက်အဆောက်အအုံသစ်ဆောက်လုပ်သည့် ယိုးငူကျေးရွာသို့ ရောက်ရှိကြရာ မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဦးလှဘော်သူက စာကြည့်တိုက်အဆောက်အအုံသစ် အမြန်ဆုံးဆောက်လုပ်ပြီး စံ(၅)ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့သည်။ ကျေးရွာဥက္ကဋ္ဌ ဦးမောင်သိန်းထွန်းနှင့် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးဘတင်သိန်းတို့က လိုအပ်သည်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များစာရင်း အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၈၇/၂၀၁၀) ဖြင့် သတ်မှတ်ကြေညာသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များစာရင်းအချပ်ပို (၃၂)မျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ဆင်ဖြူတော် ဘဒ္ဒဝတီ ပေါ်ပေါက်သော အချိန်သည် နိုင်ငံတော်ကြီး ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရေးကာလနှင့် တိုက်တိုက်ဆိုင်ဆိုင် ကြုံကြိုက်နေပေသည်။ နိုင်ငံတော်အတွက်၊ ပြည်သူအားလုံးအတွက် အတိတ်ကောင်း၊ နိမိတ်ကောင်းများပင်တည်း။ ဆင်ဖြူတော်ဟူသည် ဗုဒ္ဓသာသနာ ထွန်းကားရာအရပ်၊ ဘာသာ သာသနာကို လေးစားမြတ်နိုး ကိုးကွယ်သူတို့ရှိရာအရပ်၊ တိုင်းပြည်အုပ်ချုပ်သူတို့ တရားနှင့်အညီ အုပ်ချုပ်သော အရပ်တို့၌သာ ပေါ်ထွန်းမြဲဖြစ်၏။

အောင်မင်းမင်း(နေပြည်တော်)၏ ဆောင်းပါး (စာ-၈ နှင့် ၉)

ရွှေခါးပတ်ချန်ပီယံလက်ဝှေ့ပြိုင်ပွဲကြီး ပရိသတ်အကြိုက်တွေ့

ဝင်းထွန်းနှင့် ဝါးရင်းတုတ် ဖိုးကေတို့ ယနေ့ အထူးစိန်ခေါ်ပွဲယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ မြန်မာနိုင်ငံ ရိုးရာအဖွဲ့ချုပ်က ကြီးမှူးပြီး အားကစားဝန်ကြီးဌာန၊ H & S Group နဲ့ T & T Group တို့ ပူးပေါင်းစီစဉ်တဲ့ Royal Club ရွှေခါးပတ်ချန်ပီယံလက်ဝှေ့ပြိုင်ပွဲ (၂၀၁၀) ပထမနေ့ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၄ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏမှာ ပွဲစဉ်ပေါင်း ရှစ်ပွဲနဲ့ ကျင်းပခဲ့ပါတယ်။

ဝယ်လ်တာဝိတ်တန်းပြိုင်ပွဲတွင် ကျန့်စစ်အောင်(မြို့တော်စည်ပင်) နှင့် လုံးချောလေး(ရက္ခဗျာလ)တို့ သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးမိထားစဉ်။

သတင်းမြင်ကွင်း ➢ ဇင်လင်းထွန်း (နေဖြူ)
ဓာတ်ပုံမှတ်တမ်း ➢ တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု ➢ လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

ရာဇဝင်ကြွေး

ရွှေခါးပတ်ချန်ပီယံပွဲဖြစ်ပြီး ဝိတ်တန်းအလိုက် ကျင်းပတာကြောင့် လက်ရည်အရကွာခြားမှုရှိတဲ့ တွဲဆိုင်းတွေ ပွဲသိမ်းမြန်ခဲ့ပါတယ်။ ဖယ်သာဝိတ်(၅၇)ကီလိုတန်း ကွာတားဖိုင်နယ် ပထမပွဲစဉ်ဖြစ်တဲ့ သတ္တိအောင် (တောင်ကလေး)နဲ့ အမေ့သား(ရွှေကုက္ကို) *စာမျက်နှာ ၁၁ ကော်လံ ၁* ■